ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (1-2-2008) (၅၅၈၀)

နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံမင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံရသော မစ္စတာ စမတ်(ခ်)စွန်ထော်ရဗ့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မိုင်းဆတ်မြို့နယ်နှင့် ကျေးသီးမြို့နယ်များမှ ပြည်သူ့ဆေးရုံများ၊ အထက်တန်းကျောင်းများနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နမ့်တိန် ချောင်း(ကျိုင်းတောင်းရေတံခွန်)ကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁နာရီ ၁၅ မိနစ်တွင် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မိုင်းဆတ်မြို့သို့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာမင်းသိန်းက ဆေးရုံကြီး၏ သမိုင်းကြောင်းနှင့် ဆေးဝါးကုသမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၏ ခွဲစိတ်ခန်းအတွင်းရှိ ဆေးဝါးပစ္စည်း ကိရိယာများ၊ ဆေးစတိုခန်း အတွင်း ဆေးဝါးများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဆေးရုံကြီး အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအား ထိထိရောက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး Language Lab အတွင်း ပညာသင်ကြား သင်ယူနေမှု၊ စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁–၂–၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ၊ သားငါး၊ သစ်တော သယံဇာတများထုတ်လုပ် နိုင်ငံ့စီးပွား တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပြီး ပင်မစီးပွားရေးလုပ်ငန်းများသည် လယ်ယာထုတ်ကုန်များနှင့် ချိတ်ဆက်လျက်ရှိသည့် သားငါးနှင့် သစ်တောကဏ္ဍ ထုတ်လုပ်မှုများပေါ်တွင်ပါ အခြေပြုနေသည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်နေစေရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆည်တမံ ရေထိန်းတံခါးပေါင်း ၂၀၇ ခု တည်ဆောက်ပေးထားပြီး မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ဝါနှင့် ကြံစသည့်သီးနှံစုံ တိုးချဲ့စိုက်ပျိုးနိုင်ရေး အားပေးကူညီလျက်ရှိသည်။

ဒေသခံ တောင်သူလယ်သမားများက ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် သီးနှံမျိုးများ သုံးစွဲ၍ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစုံစိုက်စွမ်းအား မြင့်မားလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ထွက်ရှိလာသည့်သီးနှံများ မပျက်မစီးဘဲ တာရှည်ခံ အရည်အသွေး ကောင်းမွန်နေစေရေး ရိတ်သိမ်းချိန်လွန်နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရမည်ဖြစ်သည်။

သစ်တောကဏ္ဍသည်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေမြေရာသီဥတု ညီညွတ်မျှတရေးတွင် အရေးပါသည်ဖြစ်ရာ သစ်တောသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲကြရမည်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်းဖြစ်စေသည့် ကာဗွန်ဓာတ်များကို သစ်တောသစ်ပင်များက စုပ်ယူထားနိုင်သဖြင့် ဒီရေတောများအပါအဝင် သစ်ပင်သစ်တောများ ထိန်းသိမ်းရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေချို၊ ရေငန် ငါးဖမ်းလုပ်ငန်းများသာမက ငါး၊ ပုစွန်မွေးမြူရေးကိုလည်း တိုးချဲ့လုပ်ကိုင်ကြရမည်ဖြစ်သည်။ ယင်းသို့ မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ရေးနှင့် မွေးမြူရေးဆိုင်ရာနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးတို့သည် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝသယံဇာတများ ကြွယ်ဝမှုကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး ကဏ္ဍအလိုက် စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။ ။

အငြိမ်းစားသံအမတ်ကြီး ဦးကိုကြီး–ဒေါ်ရင်ရင်မြ မိသားစုက ဒေါ်ရင်ရင်မြ၏ အသက်(၈၀)ပြည့် မွေးနေ့အလှူမင်္ဂလာအဖြစ် မဟာဝိဇယစေတီတော်သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ကိုယ်စား ဦးဘုန်းကျော် လက်ခံရယူစဉ်။ (က–ပ)

ကျောက်ခွက်/လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၈ရက်တွင် မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်/လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးဇော်က လက်ရှိရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဘူမိဗေဒအရာရှိချုပ် ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်ရေနံမြေအတွင်းရှိ တွင်းသစ်အမှတ် ကျောက်ခွက်တောင် အစမ်းတွင်းအမှတ်(၂)၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်မီးရှို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တွင်းဟောင်းများပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ကာလများအတွင်း ပြီးစီးရေးနှင့် ရေနံမြေအတွင်း ပိုမိုအလားအလာကောင်းသော နေရာသစ်များတွင် တွင်းသစ်များ ဆက်လက်တူးဖော်ရေးအတွက် ဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးပြီး ကျောက်ခွက်ရေနံမြေအတွင်းရှိ တွင်းသစ်အမှတ် ကျောက်ခွက်တောင် အစမ်းတွင်း အမှတ် (၂)၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအခြေအနေနှင့်သဘာဝဓာတ်ငွေ့စမ်းသပ်မီးရှို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးသည် တွင်းတူးစက်အမှတ် National 55/6 ဖြင့် တူးဖော်လျက်ရှိသော တွင်းသစ်အမှတ် ကျောက်ခွက်တောင်အစမ်းတွင်း အမှတ်(၁) တွင်းတူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကျောက်ခွက်/လက်ပံတို ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် ရေနံ ၈၅၀ စည်ခန့်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ နှစ်သန်းခန့် ထုတ်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြန်ကြားရေးနှင့်သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ(၅/၀၇–၀၉)ကိုဖေဖော်ဝါရီ ၂ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင် (ဘောဂဗေဒ)က "စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတွင် အများပိုင်ကုမ္ပဏီများနှင့် ငွေကြေးဈေးကွက်များ၏အရေးကြီးသော အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် လိုက်ထရပ်ကားတစ်စီး ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့မွန်းလွဲပိုင်းက မြို့တော်ခန်းမ ခန်းမ(၄)၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန် အလှူရှင်များ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၇၀ နှင့် ကျပ်သိန်း ၁၆၀ တန် တော်ဝင်လိုက်ထရပ်(၁)တန် ဒီဇယ်ကားတစ်စီးပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးပြီး အလှူငွေများကို လက်ခံရယူကြသည်။

အခမ်းအနားသို့ ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ U MAUNG & FAMILY Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးမောင်နှင့် မိသားစုက ကျပ်သိန်း၂၀၀၊ ရွှေပေါက်ကံ စက်မှုဇုန် တော်ဝင်ပြည်တွင်းဖြစ် မော်တော်ယာဉ် ထုတ်လုပ်ရေးမှ ဦးမောင်မောင်မြင့်၊ ဦးသန့်ဇင်တို့က ကျပ် သိန်း ၁၆၀ တန် တော်ဝင်လိုက်ထရပ်(၁)တန်ယာဉ်တစ်စီး၊ ယာဉ်ရပ်နားကောက်ခံခြင်း လုပ်ငန်းများမှ ဦးထွန်းထွန်းက ငွေကျပ် ၆၅ သိန်း၊ ဒေါ်ခင်မြမြက ငွေကျပ် ၄၁ သိန်း၊ ဦးထွန်းအောင်က ငွေကျပ် ၂၅ သိန်း၊ ဒေါ်သက်ဦးမာက ငွေကျပ် ၁၇ သိန်း၊ ဒေါ်မြင့်မြင့်ဝင်းက ငွေကျပ် ရှစ်သိန်း၊ ဒေါ်နှင်းရီက ငွေကျပ် ငါးသိန်း၊ ဦးအောင်ကြည်က ငွေကျပ်သုံးသိန်း၊ ဦးထွန်းကျော်ခိုင်က ငွေကျပ်သုံးသိန်း၊ ဒေါ်ခင်မိုးလွင်က ငွေကျပ်တစ်သိန်းနှင့် ဦးဇော်မင်း မင်္ဂလာကုမ္ပဏီက ငွေကျပ် နှစ်သိန်းလှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန် U MAUNG & FAMILY Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးမောင်လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၂၀၀ ကို လက်ခံစဉ်။ (၁၉)

*** ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မီးပြစံပြကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် ကြက်လည်လိမ်ရောဂါ I_2 အပူဒဏ်ခံကာကွယ်ဆေး၊ မျက်စဉ်းခတ်ခြင်းလုပ်ငန်း အခမ်းအနားသို့ တက်ရောက်ပြီး ကြက်များအား ကာကွယ်ဆေးတိုက်ကျွေးကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အမှတ်(၉) ဘဝသစ် စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ ရောက်ရှိပြီး ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကျောက်တန်းမြို့နယ်အတွင်း မွေးမြူရေး မြေဧရိယာ ၆၂၇၉ ဒသမ ၄၃ ဧက၌ ပုစွန်ကျား ၅၁၇ဒသမ ၁၂၈ တန်၊ ပုစွန်ဖြူ ၉၆ဒသမ ၅၈၈ တန်၊ ငါးမျိုးစုံ ၂၀၂ ဒသမ ၈၃၁ တန်၊ ကဏန်း(ရိုးရိုး) ၁၇၇ ဒသမ ၈၄၈ တန်၊ ကဏန်းပျော့ ၈၄ ဒသမ ၁၂၅ တန် ထုတ်လုပ်နိုင်ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိကြောင်း၊ အမှတ်(၉) ဘဝသစ် စိုက်ပျိုးထုတ်လုပ်မှုစခန်း အနေဖြင့်လည်း ပုစွန်ကန်များ မွေးမြူထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် တံတားမြို့သို့ရောက်ရှိပြီး ဆင်းရွှေကြာမျိုး နေကြာ သုံးဧက စိုက်ခင်းအားကြည့်ရှု၍ တံတားမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ကျောက်တန်းမြို့နယ် တံတားမြို့သို့ လာရောက်ခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးမှာ အဓိကကျကြောင်း၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်း သာယာလာသည်နှင့်အမျှ နယ်စပ်ဒေသများ အပါအဝင် နယ်မြေဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက ကျေးလက်နှင့် မြို့ပြ ကွာဟမှုနည်းနိုင်သမျှ နည်းပါးစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့၍ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

တံတားမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ မိမိမြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ကျောက်တန်းမြို့နယ် တံတားမြို့တွင် ပဲမျိုးစုံ ၂၈၇၁၅ ဧက၊ ဆီထွက်သီးနှံ ဧက ၂၉၆၀ စိုက်ပျိုးပြီးကြောင်း သိရသည်။ (သတင်းစဉ်)

အလှူငွေ ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်းရေလယ် စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများကိုပေးအပ်စဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၇ ရက်က ပသုံးလုံး ဝိပဿနာပညာတက္ကသိုလ် (ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်) ဒုတိယအကြိမ် ဘက်စုံမွမ်းမံပြုပြင်ရေး လုပ်ငန်းများအတွက် နှစ်ဖက်သော မိဘများအား ရည်စူးအမျှုးထား၍ အလှူရှင်နာယက ဦးလှမြင့်၊ ဇနီး ဒေါ်နုနု No. 1 အချိုရည်မိသားစုက ငွေကျပ် ၁၂သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကံညွန့် လက်ခံယူစဉ်။ (က–ပ)

မရမ်းကုန်းမြို့နယ် သမိုင်း (၁) ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာတွင် တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် လှိုင်သာယာမြို့နယ် ကျွန်စစ်သားအိမ်ရာနေ ဦးညီညီ–ဒေါ်မြတ်မြတ် (ရွှေအိုးစည်စတိုး) မိသားစုက ရတနာမဥ္ဇူဓမ္မရိပ်သာ နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးသန်းမောင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၌ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃၁

(၁၆)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်–၅၀၀)၌ ကျင်းပမည်ဖြစ်ရာ သုတေသနစာတမ်း ၄၆ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၁၁ ခု၊ ပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှု ၁၁ ခု၊ ဆေးပညာပြောင်းလဲတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပွဲလေးခုနှင့် ကုသမှုနှင့် ရောဂါဗေဒဆိုင်ရာ ဆွေးနွေးပွဲ တစ်ခုတို့ကို ပြည်တွင်း/ပြည်ပမှ သုတေသီများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများ၊ သူနာပြုအရာရှိများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ တက်ရောက်လိုပါက တပ်မတော်ဆေးတက္ကသိုလ် ဖုန်း–၀၃၁ ၃၅၀၆၃၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) ဖုန်း–၀၃၁ ၃၅၂၄၇၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၅၀၀) ဖုန်း–၀၃၁ ၃၀၂၇၇ နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်–၅၀၀) ဖုန်း–၀၃၁ ၃၅၁၀၉တို့သို့ အသီးသီး ဆက်သွယ်၍ ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး အလုပ်သင်ဆရာဝန်များ၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသားများ၊ သူနာပြုများနှင့် စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

တရားပွဲများ

ကလေးမြို့ စကားလှစမ္မာရုံကျောင်းတိုက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော စကားလှဘုရားကြီး၏ ပွဲတော်အကြိုပွဲအဖြစ် စကားလှ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးဓမ္မပါလ၏ စီစဉ်ညွှန်ကြားမှုဖြင့် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးအနောပမက ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဗုဒ္ဓအလိုတော်ကျ ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင် တရားအားထုတ်လိုကြသော ယောဂီသူတော်စင်များသည် ၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက် (ဖေဖော်ဝါရီ ၄ ရက်) ညနေအရောက် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

တပို့တွဲလဆန်း ၆ ရက်မှစ၍ မြောက်စည်းရွာ၌ လည်းကောင်း၊ တပို့တွဲလဆန်း ၁၄ ရက်တွင် ထောက်ကြန့်ရွာ၌လည်းကောင်း ဆရာတော်၏ တရားစခန်းများ ဆက်လက်ဖွင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မစေတီဆရာတော်၏ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ထေရဝါဒ ဓမ္မသဘင်ပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ (သာသနတက္ကသိုလ မဟာဓမ္မာစရိယ M.A. Buddhism)က ညစဉ် ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြာနီကန် ဦးရေဝတ (ဝါးခယ်မ) ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် ငါးထပ်ကြီးမြောက် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ(ဝါးခယ်မ) ဆရာတော်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ဗိုလ်တထောင်ဆိပ်ကမ်း တရားမဏ္ဍပ်၊ ၃၊ ၄၊ ၅ ရက်တို့တွင် ကျွန်စစ်သားအိမ်ရာ လှိုင်သာယာမြို့နယ် တရားမဏ္ဍပ်၊ ၆၊ ၇၊ ၈ ရက်တို့တွင် ကြိမ်ချောင်းကျေးရွာ ညောင်တုန်းမြို့နယ် တရားမဏ္ဍပ်၊ ၉ ရက်တွင် အုတ်ကျင်း (၁၃)ရပ်ကွက် ဇေတဝန်ကျောင်းလမ်း (ဆည်းဆာ)နှင့် ည ၈ နာရီခွဲတွင် လှော်ကား သာဓုကန် ရွှေပြည်သာမြို့နယ် တရားမဏ္ဍပ်၊ ၁၀၊ ၁၁ ရက်တို့တွင် ငဖြူလေးဘူတာ သုံးဆယ်သာယာဝတီမြို့နယ် တရားမဏ္ဍပ်၊ ၁၂ ရက်တွင် ကန်တော်ကလေး (၉၁)လမ်းတောင်ပိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားမဏ္ဍပ်များတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း–၀၁–၅၅၈၂၉၇၊ ၀၉၅၀၃၃၅၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ နေဖြူ တိုက်သစ်ကျောင်း၌ (၂၉)ကြိမ်မြောက် ဝိပဿနာခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများ ဖေဖော်ဝါရီ ၃ ရက် ညနေ ၆ နာရီ အရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က–ပ)

ဗင်နီဇွဲလား၌ ဘဏ်ဓားပြတိုက်တရားခံလေးဦး ရဲထံ အညံ့ခံ

ကာရာကတ်စ် ဇန်နဝါရီ ၃၀

ဗင်နီဇွဲလားနိုင်ငံ၌ ဘဏ်ဓားပြတိုက်သူ လေးဦးသည် သူနာပြုယာဉ်ကို အသုံးပြု၍ ထွက်ပြေးစဉ် ဇန်နဝါရီ ၂၉ ရက်က ဖမ်းဆီးရမိကြောင်း ဂူအာရီကို ပြည်နယ်အုပ်ချုပ် ရေးမှူးအီဒွာဒိုမာနွတ်က ပြောကြားသည်။

ဓားပြများ ထွက်ပြေးသွားသည့်အတွက် ၎င်းတို့ ဖမ်းဆီးထားသော ဓားစာခံများလည်းပြန်လည်လွတ်မြောက်လာသည်။ ကာရာကတ်စ်မြို့၏ အရှေ့ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဂွာတီရီမြို့တွင် ဓားပြများက အာဏာပိုင်များထံ အညံ့ခံခဲ့သည်။

ဘဏ်ဓားပြမှုဖြစ်ပွားသော နေရာမှာ အယ်လ်တာဂါစီရာဒီအော်ရီကိုမြို့ဖြစ်သည်။ ဓားပြများသည် ဓားစာခံ ၄၀ တို့ကို ၂၇ နာရီကျော်ကြာ ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံတွင် ဆီးနှင်းများ ဆက်လက်ကျသီတင်းပတ်ကုန်အထိ ရာသီဥတု ဆိုးနိုင်ဟုဆို

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ ဒေသအများအပြားတွင် နှင်းမုန်တိုင်းကျပြီး ရာသီဥတုဆိုးရွားလျက်ရှိရာ ၆၅ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။ အချို့ဒေသများတွင် အခြေခံစားကုန်များပြတ်လပ်နေသည့်ဒုက္ခနှင့် ကြုံကြရကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ထိုရာသီဥတု ဆိုးရွားမှုအခြေအနေကြောင့် ကားလမ်း၊ ရထားလမ်းနှင့် လေကြောင်းလမ်းများလည်း ပြတ်တောက်ကုန်သည့်အပြင် လျှပ်စစ်မီးများလည်း မရတော့သည့် အခြေအနေဆိုက်နေကြသည်။

သက်ဆိုင်ရာအာဏာပိုင်များသည် ပြည်သူများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးရန် စစ်ဘက်တပ်ဖွဲ့ဝင် ၄၆၀၀၀၀ ကျော်ကို ဆင့်ခေါ်ပြီး အကူအညီပေးလျက်ရှိသည်။

ထို့အပြင် ရဲတပ်ဖွဲ့ဝင် တစ်သန်း အင်အားဖြင့်လည်း လုံခြုံရေးနှင့် အဝေးပြေးလမ်းမများ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အင်တာနက်။

တရုတ် အင်ဂျင်နီယာများ စမ်းသပ်တီထွင်ထုတ်လုပ်လိုက်သည့် လူလိုက်ပါခြင်းမရှိသော ဒဗလျူဒီ ၁၀၀ စက်ရုပ်ရဟတ်ယာဉ်ကို ဟူနန်ပြည်နယ် အန်ယန်မြို့၌ စမ်းသပ်ပျံသန်းနေသည်ကို ဇန်နဝါရီ၂၉ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆီးနှင်းများ ထူးထူးခြားခြား ကျရောက်မှုကြောင့် ကွမ်ကျိုးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်အတွင်းမှ မာကြီးမျောက်များလည်း အအေးဒဏ်ခံနေရသည်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူခုနစ်ဦးသေဆုံးခဲ့ရသည့် ရန်းရင်းဆန်ခတ်ဖြစ်ပွားမှု ဟစ်ဇ်ဘိုလာအဖွဲ့က လက်ဘနွန်ကို ပြစ်တင်ပြောကြား

ဘေရွတ် ဇန်နဝါရီ ၃၀

လူခုနစ်ဦးသေဆုံးခဲ့သည့် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော ရန်းရင်းဆန်ခတ်ဖြစ်မှုနှင့် ပတ်သက်၍ လက်ဘနွန်မှ ဟစ်ဇ်ဘိုလာအဖွဲ့က လက်ဘနွန်အစိုးရကို အပြစ်တင်လိုက်ပြီး လက်ဘနွန်စစ်ဘက်က ကျူးလွန်သူများကို ဖော်ထုတ်ပေးရန် တိုက်တွန်းကြောင်း နာဟာနက်သတင်း ဝက်ဘ်ဆိုက်တွင် တနင်္လာနေ့က ဖော်ပြသည်။

လက်ရှိအုပ်ချုပ်နေသည့် လက်ဘနွန်အစိုးရအနေဖြင့် တာဝန် ရှိနေကြောင်း၊ ယင်းကြောင့် ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ကြေညာရန် မိမိတို့ တိုက်တွန်းကြောင်း ဟစ်ဇ်ဘိုလာက ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

လက်ဘနွန် တပ်ဖွဲ့ဝင်များက ဆန္ဒပြအုပ်စုကို လူစုခွဲရန် ရောက်လာချိန်နှင့် ပစ်ခတ်မှုဖြစ်ပွားချိန်သည် တိုက်ဆိုင်နေကြောင်း၊ ဆန္ဒပြသူများ ရပ်သိမ်းရန် ကြိုးပမ်းနေစဉ် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူကန့်သတ်လျှင် အီရန်က တုံ့ပြန်မည်ဟု ပြောကြား

တီဟီရန် ဇန်နဝါရီ ၃၀

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် နောက်ထပ်အရေးယူကန့်သတ်မှုများ ပြုလုပ်ခဲ့ပါက အီရန်အစိုးရက အရေးပါသည့် တုံ့ပြန်ချက်ကို ပြသရလိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက တနင်္လာနေ့တွင် ပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)ညွှန်ကြားရေးမှူးချုပ် မိုဟာမက်ဘယ်လ်ဘာရာဒေးက အီရန် နျူကလီးယားကိစ္စကို အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့သို့ ဖေဖော်ဝါရီလတွင် တင်ပြမည့်အချိန်အထိ လုံခြုံရေးကောင်စီက စောင့်ကြည့်ရန် မော့တာကီက တိုက်တွန်းသည်။ လုံခြုံရေးကောင်စီအနေဖြင့် ဖေဖော်ဝါရီလတွင် ထုတ်ပြန်မည့် အိုင်အေအီးအေ အစီရင်ခံစာအတိုင်း လိုက်နာလုပ်ဆောင်သင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လုံခြုံရေးကောင်စီ အဖွဲ့ဝင်များက အီရန်အပေါ် အပြစ်ပေးသည့်အနေဖြင့် အရေးယူကန့်သတ်မှုများ ပြုလုပ်မည့် ဆုံးဖြတ်ချက်အပေါ် တနင်္လာနေ့တွင် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအချိန်တွင် မော့တာကီ၏ ဝေဖန်ပြောကြားမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နိုင်ငံတွင် ရှေးဟောင်းမြို့တစ်မြို့ တူးဖော်တွေ့ရှိ

ကိုင်ရို ဇန်နဝါရီ ၃၁

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ဘက်ဒေသတွင် ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့ကို တူးဖော်တွေ့ရှိကြောင်း အီဂျစ်ရှေးဟောင်းသုတေသန ကောင်စီ၏ အတွင်းရေးမှူး ဇဟီဟော်ဝပ်က ဇန်နဝါရီ ၂၉ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လွန်ခဲ့သော ဘီစီ ၅၀၀၀၀ခန့်က တည်ရှိခဲ့သည်ဟု ယူဆရသော ထိုရှေးဟောင်းမြို့သည် ကိုင်ရိုမြို့၏ တောင်ဘက် ၈၅ကီလိုမီတာအကွာ ဖရောင်ဒေသ ကွန်ရှင်မ်အရပ်တွင် တည်ရှိသည်။ ထိုမြို့ကို တွေ့ရှိသောသတင်းအား ရှေးဟောင်းသုတေသနပညာရှင်က ပြောကြားသည်ကို ကိုးကား၍ မီနာသတင်းဌာနက ဖော်ပြခဲ့သည်။

ယင်းမြို့ဟောင်း နေရာတွင် အဆောက်အအုံအုတ်ခုံများ၊ နံရံများနှင့် အသုံးအဆောင်အုတ်ခွက်များကို တွေ့ရှိရသည်ဟု ဟော်ဝပ်က ပြောကြားသည်။

ထိုမြို့ဟောင်းနေရာတွင် သင်္ချိုင်းမြေအမှတ်အသားများနှင့်မြို့တွင်း၌စမ်းချောင်းဟောင်း နေရာတစ်ခုကိုလည်း တွေ့ရှိခဲ့သည်။

တူးဖော်ရာတွင် လျှပ်စစ်သံလိုက်လှိုင်း ရှာဖွေရေးနည်းစနစ်များကို အသုံးပြုခဲ့ကြောင်း ပညာရှင်များကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါလက်စတိုင်း အနောက်ဘက်ကမ်းခြေဒေသ၌ ထူးခြားစွာနှင်းများကျ အအေးဒဏ်ပြင်းထန်၍ အရေးပေါ်အခြေအနေ ကြေညာ

ရာမာလာ ဇန်နဝါရီ ၃၀

ဖာတာပါလက်စတိုင်းများ ကြီးစိုးထားသော အနောက်ဘက်ကမ်းခြေဒေသနှင့် ဟားမတ်စ်ပါလက်စတိုင်းများ လွှမ်းမိုးထားသည့် ဂါဇာကမ်းမြောင်ဒေသတို့တွင် ဇန်နဝါရီ ၂၉ ရက်က နှင်းများ ထူထပ်စွာကျဆင်းပြီး အလွန်အေးသည့် ရာသီဥတုအခြေအနေနှင့် ကြုံတွေ့ရသည်။ ထိုအခြေအနေကြောင့် ဒေသနှစ်ခုစလုံးကို ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် အရေးပေါ်အခြေအနေ ကြေညာထားသည်။

လေများ ပြင်းပြင်းထန်ထန်တိုက်နေပြီး နှင်းများ သိပ်သည်းစွာကျနေသည့် ဆိုးရွားလှသော ရာသီဥတုအခြေအနေကြောင့် ပြည်သူများအား အသွားအလာမလုပ်ရန်၊ အိမ်ပြင်သို့ မထွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုနှိုးဆော်ထားသည်။

ထိုသို့ ဆိုးရွားလှသည့် ရာသီဥတုအခြေအနေကြောင့် အနောက်ဘက်ကမ်းခြေဒေသရှိ ကျောင်းများကိုလည်း ပညာရေးဝန်ကြီးဌာနက ပိတ်ထားလိုက်ရသည်။

အင်တာနက်။

ထိုင်း ရဲတပ်ဖွဲ့နှင့် သောင်းကျန်းသူပစ်ခတ်မှုဖြစ်ပွား

ဗန်ကောက် ဇန်နဝါရီ ၃၀

ထိုင်းနိုင်ငံတောင်ဘက်စွန်းရှိ ယာလာပြည်နယ်တွင် ဇန်နဝါရီ ၂၉ရက်စောစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် သောင်းကျန်းသူတစ်ဦး သေဆုံးကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ပွားမှုသည် ယာလာပြည်နယ် ဘန်နောင်ဆာတာခရိုင်ရှိ သောင်းကျန်းသူများ ခိုလှုံသည့်အိမ်ကို လုံခြုံရေးတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်ရာသောင်းကျန်းသူတစ်ဦးနှင့်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်။

လွန်ခဲ့သည့်နှစ်နှစ်က ရဲစခန်းကို စီးနင်းရာတွင် ပါဝင်သူအသက် ၂၇နှစ်ရှိ စစ်သွေးကြွတစ်ဦးအား ဖမ်းဆီးရမိသည်။ ဇန်နဝါရီ ၂၉ရက်က ယာလာပြည်နယ် ကရောင့်ပီနန်ခရိုင်တွင်လည်း ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦးသေဆုံးခဲ့သည်။ ထိုပစ်ခတ်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မသိရသေးဟုဆိုသည်။

ထိုင်းနိုင်ငံတောင်ဘက်စွန်း ပြည်နယ်သုံးခုဖြစ်သည့် ယာလာ၊ နာရာသီဝပ်နှင့် ပတ္တာနီပြည်နယ်တို့တွင် ၂၀၀၄ခုနှစ်ကတည်းက ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့်ပြည်သူ ၂၈၀၀ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အနောက်ဘက် ကမ်းခြေဒေသ ရာမာလာမြို့တွင် နှင်းများ ထူထပ်စွာကျနေသည်ကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချ

ဝါရှင်တန် ဇန်နဝါရီ ၃၁

အမေရိကန်နိုင်ငံတွင် အိမ်ရာမြေစီးပွားရေးလုပ်ငန်းများ ကျဆင်းလာကာ ချေးငွေလုပ်ငန်းများ အကျပ်အတည်း ကြုံတွေ့ရသည်။ ထိုအခြေအနေများ၏ဂယက်ကြောင့် နိုင်ငံ၏စီးပွားရေးသည် ကျဆင်းလာသည်။ ယင်းသို့ စီးပွားရေး ကျဆင်းသည့်အခြေအနေကို ကုစားနိုင်ရန် အမေရိကန်နိုင်ငံ ဗဟိုဘဏ်သည် ဇန်နဝါရီ ၃၀ ရက်က အတိုးနှုန်းကို သုည ဒသမ ငါးရာခိုင်နှုန်းအထိ လျှော့ချလိုက်သည်။

အတိုးလျှော့ချ

ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းကို လျှော့ချနိုင်ဖွယ်ရာရှိကြောင်း မူလကတည်းက ဘဏ္ဍာရေးအသိုင်းအဝိုင်းမှ လေ့လာသူများက ခန့်မှန်းထားခဲ့ကြသည်။ ယခုအခါ အများမျှော်မှန်းသကဲ့သို့ ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။

သီတင်းနှစ်ပတ်မပြည့်မီ အချိန်အတွင်း အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကိုဆင့်၍ ထပ်၍လျှော့ချလိုက်ခြင်းဖြစ်သည်။ ထိုထပ်ဆင့်လျှော့ချလိုက်သော အတိုးနှုန်းပေါင်းမှာ ၁ ဒသမ ၂၅ ရာခိုင်နှုန်းရှိသွားပြီဖြစ်သည်။ ယင်းလုပ်ရပ်သည် ခေတ်သစ်အမေရိကန်ဗဟိုဘဏ်၏သမိုင်းတွင် ထူးခြားသည့် ဘဏ်တိုးနှုန်းလျှော့ချသည့် လုပ်ရပ်ပင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖလော်ရီဒါအကြို အခြေခံရွေးကောက်ပွဲတွင် ဟီလာရီကလင်တန် အနိုင်ရ

ဝါရှင်တန် ဇန်နဝါရီ ၃၁

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဒီမိုကရက်တစ်ပါတီတွင်း အကြိုအခြေခံ အမေရိကန်သမ္မတလောင်းရွေးပွဲကို ဇန်နဝါရီ ၂၉ ရက်ကကျင်းပရာ ဟီလာရီကလင်တန် (အောက်ပုံ)**က အနိုင်ရရှိသွားကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။**

ဖလော်ရီဒါမှ မဲပေးသူများ၏ မဲများကို ရေတွက်ပြီးချိန်တွင် ကလင်တန်က စုစုပေါင်းမဲ၏ ၄၈ ရာခိုင်နှုန်းကိုရရှိကာ အိုဘားမားက စုစုပေါင်းမဲ၏ ၃၀ ရာခိုင်နှုန်း ရရှိသွားသည်။ အိမ်ဖြူတော်နေရာအတွက် ယှဉ်ပြိုင်ပွဲတွင် ဂျွန်အက်ဒ်ဝပ်သည် မဲအရေအတွက်၏ ၁၄ ရာခိုင်နှုန်းသာ ရရှိသဖြင့် တတိယနေရာသာရရှိသည်။

ယနေ့ရွေးချယ်ပွဲတွင် အနိုင်ရရှိသူသည် ဖေဖော်ဝါရီ ၅ ရက်၌ ဆက်လက်ပြုလုပ်မည့် ရွေးချယ်ပွဲတွင် အရှိန်အဟုန် ကောင်းကောင်းဖြင့် ဆက်လက် ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် သမ္မတလောင်းရွေးပွဲမှ ဂျူလီယာနီ နုတ်ထွက်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၃၁



အမေရိကန်နိုင်ငံ အကြိုအခြေခံ သမ္မတလောင်းရွေးပွဲမှ နုတ်ထွက်သွားသော ဂျူလီယာနီ။

အမေရိကန်နိုင်ငံမှ ရီပတ်ဘလီကန်ပါတီ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ နယူးယောက်မြို့တော်ဝန်ဟောင်း ဂျူလီယာနီသည် ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့၌ ကြေညာသည်။

ထို့သို့ကြေညာရာ၌ ၎င်းအနေဖြင့် သမ္မတလောင်းရွေးပွဲတွင် ယှဉ်ပြိုင်နေသူ ဂျွန်မက်ကိန်းကို ထောက်ခံမည်ဖြစ်ကြောင်းပါ တစ်ပါတည်းပြောကြားသွားသည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး အာနိုးရှွာဇင်နက်ဂါက မက်ကိန်းကို ထောက်ခံကြောင်း ကြေညာချက်ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ဂျူလီယာနီကလည်း မက်ကိန်းကို ထောက်ခံလိုက်ခြင်းဖြစ်သည်။

အင်တာနက်။

ကင်ညာ၌ အကြမ်းဖက်မှုကြောင့် ၉၀၀ကျော် သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၃၁

ကင်ညာနိုင်ငံတွင် အုပ်စုအချင်းချင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ယခုအခါ သေဆုံးသူပေါင်း ၉၀၀ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ကင်ညာအစိုးရနှင့် အတိုက်အခံတို့ အကျပ်အတည်းကိုအဆုံးသတ်ရန် ကြိုးစားနေကြသော်လည်း နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဇန်နဝါရီ ၂၉ရက်က နိုင်ငံတစ်ဝန်း၌ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် အနည်းဆုံး ကိုးဦးသေဆုံးခဲ့ရသည်ဟု ဆိုသည်။ ကင်ညာနိုင်ငံတွင် ညနေဘက်ရောက်လာသည်နှင့် ပြည်သူများမှာ အသက်အန္တရာယ်လုံခြုံရေးအတွက် နီးစပ်ရာရဲစခန်းများသို့ သွားရောက်ခိုလှုံနေကြရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ၍ ပြည်သူများမှာ နေ့စဉ် စားဝတ်နေရေးပြဿနာများ ကြီးထွားလာသည့်အပြင် စိုးရိမ်ထိတ်လန့်နေကြရသည်ဟု ဆိုသည်။

အင်တာနက်။

စီးကရက်ကြော်ငြာများပိတ်ပင်ရန် အင်ဒိုနီးရှားမီဒီယာများက တိုက်တွန်းရေးသား

ဂျကာတာ ဇန်နဝါရီ ၃၁

အင်ဒိုနီးရှားအနေဖြင့် အခြားသော အရှေ့တောင်အာရှ နိုင်ငံများကဲ့သို့ စီးကရက်သောက်မှု ကြော်ငြာများကို ပိတ်ပင်သင့်ကြောင်း ဒေသခံ သတင်းမီဒီယာများက လှုံ့ဆော်ရေးသားကြသည်။

ဒေသတွင်း စီးကရက် သောက်သူ တိုးပွားလာမှုအပေါ် ထိန်းချုပ်နိုင်ရန် ကြိုးပမ်းရာတွင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နောက်ကျကျန်ရစ်နေပြီ ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က စီးကရက်ကြော်ငြာများကို တစ်စိတ်တစ်ပိုင်း ပိတ်ပင်ခဲ့သည်ဟု အရှေ့တောင်အာရှ ဆေးလိပ်ထိန်းချုပ်ရေး မဟာမိတ်အဖွဲ့ (ဆိကာ)က ပြောကြားသည်။

ကမ္ဘောဒီးယားတွင်လည်း ယခုအခါ စီးကရက်ကြော်ငြာများ ပိတ်ပင်မည့် ဥပဒေမူကြမ်းကို မကြာမီ အတည်ပြုတော့မည်ဖြစ်ကြောင်း မေရီကဆမ်တာက ဆွေးနွေးပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တွင် အသေခံကားပုံးဖောက်ခွဲမှုကြောင့် လူ ၁၅ ဦးဒဏ်ရာရရှိ

မိုဆူးလ်(အီရတ်) ဇန်နဝါရီ ၃၁

အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးက အီရတ်နိုင်ငံမြောက်ပိုင်း နီနီဗီပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့၏ လှည့်ကင်းကို အင်္ဂါနေ့က ပစ်မှတ်ထားတိုက်ခိုက်ရာ လူ ၁၅ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးလ်မြို့အနီးရှိ အယ်လ်ဘာသ်ဒေသတွင် အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးက ပေါက်ကွဲစရာပစ္စည်းများ အပြည့်တင်လာသည့် မော်တော်ယာဉ်ဖြင့် အမေရိကန်လှည့်ကင်းကိုပစ်မှတ်ထားကာ အသေခံဖောက်ခွဲသည်ဟု ပြည်နယ်ရဲသတင်းတပ်ဖွဲ့ အကြီးအကဲ ဗိုလ်မှူးချုပ်ကယ်လ်ဂျူဘိုရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းအသေခံ ဗုံးဖောက်ခွဲမှုကြောင့် လူ ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး အနီးအပါးရှိ အရပ်သားယာဉ် ၁၀ စီး ပျက်စီးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်လှည့်ကင်းမှ သေဆုံးသူ ရှိ၊ မရှိကို ဂျူဘိုရီက ပြောကြားခြင်းမရှိပေ။ အမေရိကန်တပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာ၌ ယာဉ်အသွားအလာကို ပိတ်ပင်ထားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါနိုင်ငံတောင်ပိုင်း ဗုံးပေါက်ကွဲမှုဖြစ်ပွား

ခတ္တမန္ဒူ ဇန်နဝါရီ ၃၁

နီပေါနိုင်ငံတောင်ပိုင်းတွင် လက်ရှိအာဏာရညွန့်ပေါင်းအဖွဲ့၏ လူထုအစည်းအဝေး ကျင်းပရာနေရာအနီး၌ ဇန်နဝါရီ ၂၉ ရက်က ဗုံးတစ်လုံး ပေါက်ကွဲသွားရာ လူ ၅၀ထက်မနည်း ဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာသည် မြို့တော်ခတ္တမန္ဒူ၏ အရှေ့မြောက်ဘက် ၃၉မိုင်အကွာရှိ ဘာဂွန်မြို့၌ဖြစ်သည်။ ရဲအရာရှိတစ်ဦး၏ပြောကြားချက်အရ ဒဏ်ရာရရှိသွားသူဦးရေသည် ၅၅ဦးရှိကြောင်းသိရသည်။ ၎င်းတို့အနက် သုံးဦး၏ ဒဏ်ရာအခြေအနေမှာ ဆိုးရွားကြောင်း ဒေသခံဆေးရုံမှ ဆရာဝန်က ပြောကြားသည်။

ပေါက်ကွဲသွားသောဗုံးသည် ပလတ်စတစ်ဗုံးအမျိုးအစား ဖြစ်ဖွယ်ရာရှိသည်ဟု ရဲအရာရှိ ယိုဂီဝါရှမ်ခါနီကပြောကြားသည်။ ယခုဗုံးကိုဖောက်ခွဲသူမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရပေ။ အာဏာရအဖွဲ့အစည်းများနှင့် သူပုန်များအကြား ဖြစ်ပေါ်နေသော မငြိမ်သက်မှုများအတွင်း ပြည်သူအများအပြား သေဆုံးခဲ့ရပြီ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

နီပေါ နိုင်ငံ ဘာ ဂွန် မြို့ ၌ ကျင်း ပ သည့် အစည်း အဝေး အနီးတွင် ဗုံး ပေါက်ကွဲ သွားပြီး နောက် ဒဏ်ရာ ရ သွား သူ တစ်ဦးအား ရဲတပ်ဖွဲ့ဝင်များ သယ်ဆောင်လာသည်ကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ကြေးမုံ နောက်ဆုံးရ အင်တာနက်သတင်း

ထိပ်တန်း အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦး သေဆုံး

ကဘူး ဇန်နဝါရီ ၃၁

အာဖဂန်နစ္စတန်နိုင်ငံရှိ ထိပ်တန်း အယ်လ်ခိုင်ဒါ ခေါင်းဆောင်တစ်ဦး ဖြစ်သူ အဘူလိတ်သ်အယ်လ်လီဘီမှာ သေဆုံးသွားပြီဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

လီဘီသည် အာဖဂန်-ပါကစ္စတန် နယ်စပ်ကိုခွ၍ လှုပ်ရှားနေသူဖြစ်ပြီး အိုစမာဘင်လာဒင်နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေသူ တစ်ဦးဖြစ်ကြောင်း၊ အယ်လ်ခိုင်ဒါနှင့် တာလီဘန်တို့ကြားမှ အဓိကဆက်သွယ်ပေးနေသူဖြစ်ပြီး တိုက်ခိုက်ရေး စီမံချက်များရေးဆွဲသူ၊ လေ့ကျင့်သင်တန်းပေးသူ ဖြစ်ကြောင်းကို စစ်သွေးကြွများ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်အရာရှိများ၏ ပြောကြားချက်အရ မြောက်ဝါဇီရစ္စတန် ဒေသအတွင်း ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် စစ်သွေးကြွ ၁၂ဦး သို့မဟုတ် ၁၃ဦး သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားရာ၌ သေဆုံးသူများတွင် အာရပ် ခုနစ်ဦးနှင့် ဗဟိုအာရှသား ခြောက်ဦးပါဝင်ကြောင်း၊ ဒုံးကျည်ကို မောင်းသူမဲ့ထောက်လှမ်းရေး လေယာဉ်တစ်စင်းက ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အင်တာနက်။

အဘူလိတ်သ်အယ်လ်လီဘီ။

တရုတ်နိုင်ငံ ကျန်စုပြည်နယ်၌ နှင်းများထူထပ်စွာ ကျနေသည့်အတွက် ကားများပိတ်မိနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရွှေတြိဂံဒေသ ခြေချခဲ့ခဏတာ (၁)

ရတနာစည်ဆရာတော်(လွိုင်လင်)

သည့်လမ်းသည်ကား မဖြောင့်သော်လည်း ဖြူးသောလမ်းဟု ဆိုအပ်ပါ၏။ မဖြောင့်ရခြင်းမှာ တောင်ပေါ်လမ်းတို့ ဓမ္မတာအတိုင်း တောင်စွန်းများ၊ တောင်စွယ်များ၊ တောင်ဆင်နှာမောင်းများ၊ တောင်ဆင်ခြေလျှောများကို ပန်း၍၊ ပတ်၍၊ ကွေ့၍ ဖောက်လုပ်ရခြင်းကြောင့်ဖြစ်၏။ ဖြူးရခြင်းမှာ လမ်းပေါ်၌ ချိုင့်များ၊ ခွက်များ လုံးဝမရှိဘဲ လမ်းမျက်နှာပြင် တညီတည်းဖြစ်နေအောင် စံချိန်စံညွှန်းမီ ကျောက်၊ သဲ၊ ကတ္တရာတို့ကို အပြည့်အဝသုံး၍ ခင်းထားသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဤလမ်းသည် မဖြောင့်သော်လည်းဖြူးနေပါသည်။

သည့်လမ်းပေါ်မှာ ကွေ့ကာ၊ ပတ်ကာ၊ ပန်းကာ၊ ဝိုက်ကာ ပြေးလွှားလျက်ရှိသော ယာဉ်ပေါ်၌ လိုက်ပါလာရင်း လူသားအားလုံးနှင့် အကျုံးဝင်သည့် လမ်းလေးသွယ်အကြောင်း စဉ်းစားနေမိ၏။ လူသားတို့သည် ဘဝခရီးကိုနှင်နေကြရာ၌–

(၁) ဖြောင့်၍ဖြူးသောလမ်း

(၂) ဖြောင့်၍မဖြူးသောလမ်း

(၃) ဖြူး၍မဖြောင့်သောလမ်း

(၄) မဖြူးမဖြောင့်သောလမ်း ဟူသည့် လမ်းလေးသွယ်မှာ ဝဲလည်လျှောက်လှမ်းနေရကြောင်း အတွေးဝင်နေမိပါသည်။

ယာဉ်ပေါ်၌လိုက်ပါရင်း ဘဝခရီးလမ်းကို အတွေးနယ်ဝင်နေဆဲ ကျိုင်းတုံမြို့ ကမ္ဘည်းကျောက်စာကို ဖြတ်ကျော်လာသောအခါ ထင်းထင်းထင်ထင် တွေ့မြင်လိုက်ရသည်မှာ ကျိုင်းတုံတက္ကသိုလ် ပင်မအဆောက်အအုံကြီးဖြစ်ပါသည်။ ခံ့ညားထည်ဝါလျက်ရှိသော ပင်မတက္ကသိုလ် အဆောက်အအုံနှင့်အတူ မနီးမဝေးရှိ ဆရာ၊ ဆရာမများအတွက် အိပ်ဆောင်များ၊ ရပ်ဝေးကျောင်းသား၊ ကျောင်းသူတို့အတွက် အိပ်ဆောင်များ အပါအဝင် ကျယ်ဝန်းဆိတ်ငြိမ်သော ဤကျိုင်းတုံတက္ကသိုလ်ကြီးက ဒေသခံရင်သွေးငယ်များအား ပညာပြည့်ဝ နှလုံးလှအောင် ထောက်မသင်ကြားပေးနေလျက်ရှိလေပြီ။

ကျိုင်းတုံမြို့ မဟာဗောဓိကမ္မဋ္ဌာန်းကျောင်းတိုက်၌ ခေတ္တနားနေကြပြီးနောက် မဟာမြတ်မုနိဘုရားကြီးနှင့် ခေမာရဋ္ဌရုပ်တော်မူရုပ်ပွားတော်ကြီးတို့အား ဖူးမြော်ရန် ထွက်ခဲ့ကြပါသည်။ မဟာမြတ်မုနိဘုရားပရိဝုဏ်မှာ ရန်ကုန်မြို့ ဆူးလေစေတီတော် ပရိဝုဏ်ကဲ့သို့ အရပ်လေးမျက်နှာပတ်လည် လမ်းရှိသဖြင့် လူအများ ဖူးမြော်လွယ်ကူလျက်ရှိ၏။ မဟာမြတ်မုနိရုပ်ပွားတော်မှာ မန္တလေးမဟာမုနိပုံတူတော်ဖြစ်၍ မျက်နှာတော်မှတစ်ပါး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ထားနိုင်သည်ကို ထောက်ရှုလျက် ကျိုင်းတုံသားတို့၏ သဒ္ဓါတရားကို ခန့်မှန်းနိုင်ပါသည်။ ကျိုင်းတုံစော်ဘွား စဝ်ဖကွန်ကျောက်လက်ထက်၌ စတင်ပူဇော်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းက ဆိုပါသည်။

ယင်းမဟာမြတ်မုနိ ရုပ်ပွားတော်ကြီးအား အာမိသပူဇာအဖြစ် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဓမ္မပူဇာအဖြစ် အနေကဇာတိသံသာရံ စသော ဂါထာတော်များ ရွတ်ပွားပူဇော်ခြင်းကို ကြည်နူးနှစ်သိမ့်စွာ အားပါးတရ ဆည်းပူးပြီးသည့်နောက် ခေမာရဋ္ဌဗျာဒိတ်ပေးရုပ်တော်မူ ရုပ်ပွားတော်ကြီးထံတော်မှောက် ရောက်ရှိသွားသောအခါ ဆည်းဆာနေဖျော့ခဲ့လေပြီ။

တိုးဖေ့ဝင်ရောက်လာသည့် ညအမှောင်ထုကိုအားကောင်းလှသော မီးမောင်းများက ဖယ်ရှားပေးထားသဖြင့် ၇၆ပေ ၆လက်မ ဉာဏ်တော်အမြင့်ရှိသည့် ရုပ်တော်မူရုပ်ပွားတော်ကြီးသဏ္ဌာန်သည် ဝေယံမိုးထက်ဈာန်ပျံတက်တော့မည့်အလား ခံစားဖူးမဝဖြစ်ရ၏။

ခြောက်ပေအမြင့် ရင်ပြင်တော်ဝယ်သုံးပေအမြင့် အထက်ပစ္စယာမှာ ခြောက်ပေခြောက်လက်မအမြင့် ရှစ်ထောင့် ပန်းတင်ခုံတွင် ခုနစ်ပေအမြင့်ကြာပလ္လင်၌ မတ်မတ်ချထားတော်မူအပ်သည့် ခြေဖဝါးတော်နှစ်စုံမှ ဟိုအထက် ဦးခေါင်းတော်အထိ ဉာဏ်တော်အမြင့် ၇၆ပေ ၆လက်မရှိတော်မူပြီး ရွှေအလေးချိန်တစ်ပိဿာရှိ နဖူးသင်းကျစ်တော်က အလျား ၁၈ပေရှိတော်မူပါသည်။ ၁၉၉၅ ခုနှစ် ဇွန်–ဇူလိုင်လများအတွင်း ထိုနေရာ၌ မြေထဲမှရုပ်ပွားတော်များ ပေါ်တော်မူလာရာ ကျိုင်းတုံမြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်များ၊ တာချီလိတ်မှ သံဃနာယကဥက္ကဋ္ဌ နဂါးနှစ်ကောင်ဆရာတော်အမှူးပြုသည့် ဆရာတော်များနှင့်တကွ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်) အမှူးပြုသည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ထေရဝါဒ ဗုဒ္ဓသာသနာမြင့်မားစွာ ထွန်းလင်းနိုင်စေရန်နှင့် နိုင်ငံတစ်ဝန်းအေးချမ်းသာယာစေရန် ရည်မှန်းကာ ယင်းပေါ်တော်မူရုပ်ပွားတော်များကို ဌာပနာသွင်းပြီး ခေမာရဋ္ဌဗျာဒိတ်ပေး ရုပ်ပွားတော်ကြီး တည်ထားကိုးကွယ်ပူဇော်ခဲ့ခြင်းဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ပကတိကိုယ်လုံးတော်အတိုင်းအတာနှင့်စပ်လျဉ်း၍ အဋ္ဌကထာအဖွင့်များနှင့် ဂန္ထန္တရများ၌ အချေအတင်စိတ်ဝင်စားဖွယ် ဖတ်ရှုကြရကုန်၏။ ရှင်သာမဏေငယ်တစ်ပါးကလည်း "ဘုန်းဘုန်းဘုရားမြတ်စွာဘုရားရုပ်ပွားတော်တွေက လက်သန်းလောက်သေးသေးလေးတွေ ရှိသလို တောင်လောက်ကြီးကြီးတွေလဲရှိနေလို့ အဲဒါဘာဖြစ်တာလဲ ဘုရား"ဟု အမှတ်မထင်မေးလျှောက်တာ ကြုံခဲ့ရဖူး၏။ ထို့ကြောင့် ဤ၌ အကျဉ်းမျှ ရှင်းပြလိုပါ၏။

မြတ်ဗုဒ္ဓ၏ ပကတိအရပ်တော်သည် သံဃာအများကြား၌ မြင့်မြင့်မားမားထင်ထင်ပေါ်ပေါ် ရှိတော်မူနေမည်သာဖြစ်၏။ မြတ်ဗုဒ္ဓကို တစ်ကြိမ်တစ်ခါမျှ မဖူးမြင်ဖူးသူသည် သံဃာများအလယ်၌၊ သံဃာများကြား၌ ရောက်ရှိနေသော မြတ်ဗုဒ္ဓကို "ဒါမြတ်စွာဘုရားပဲ"ဟု တထစ်ချ ဆုံးဖြတ်ချက် ချနိုင်လောက်အောင် မြတ်ဗုဒ္ဓ၏ကိုယ်လုံးတော်က ထင်ပေါ်ထင်ရှားနေမည်မှာ မုချဖြစ်၏။

အကယ်၍ လိုအပ်လာသောကြောင့် သေးငယ်အောင်တန်ခိုးဖြင့် ဖန်ဆင်းတော်မူရမည်ဆိုလျှင် မုန်ညင်းစေ့အတွင်း ဟိုမှသည်မှ စင်္ကြံကြွနိုင်သည်အထိလည်းကောင်း၊ ကြီးမားအောင်တန်ခိုးဖြင့် ဖန်ဆင်းတော်မူမည်ဆိုလျှင် ဤစကြဝဠာတစ်တိုက်လုံးကိုပင် မြတ်ဗုဒ္ဓကိုယ်လုံးတော်ဖြင့် ဖုံးလွှမ်းအုပ်မိုးထားနိုင်သည်အထိလည်းကောင်း ဖန်ဆင်းနိုင်သည့် အဏိမာဘုန်းတန်ခိုး၊ မဟိမာဘုန်းတန်ခိုးများကို ပြည့်ဝစွာပိုင်ဆိုင်ထားတော်မူကြောင်း တိတိပပသိရှိထားလျှင် လက်သန်းလောက်ရုပ်ပွားတော်ငယ်ကို ဖူးမြော်ရခိုက်အဏိမာဘုန်းတန်ခိုး၊ ပေပေါင်းဆယ်ချီရာချီ ရုပ်ပွားတော်ကြီးကို ဖူးမြော်ရခိုက် "ဘဂဝါ ဘုန်းတော်တန်ခိုးတော်ကြီးမားတော်မူသော မြတ်စွာဘုရား"ဟု ပုံတော်မှာ ဂုဏ်တော်သွင်း ရှင်းသန့်စွာ ကြည်ညိုနိုင်ပါမည်။

မဟိမာဘုန်းတန်ခိုးကို အာရုံသွင်းစိုက်၍ နှစ်ခြိုက်ကြည်နူးစွာခေမာရဋ္ဌဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးအား အားပါးတရဖူးမြော်ပြီး၍ နောက်တစ်နေ့တွင် သမိုင်းဝင်နောင်တုံရေကန်ကို လေ့လာခဲ့ကြ၏။ ဤတွင် အတွေးတစ်ခုဝင်ရောက်လာ၏။ ကျိုင်းတုံမြို့၊ နောင်တုံရေကန်ဟူသော အမည်နာမများနှင့်စပ်လျဉ်း၍ "ကျိုင်းတုံ နောင်တုံ၊ တုံနှစ်တုံ၊ ဘယ်ပုံဖြစ်ပေါ်လာသနည်း"ဟု ကျည်းကန်ရှင်ကြီး နန္ဒဓဇသာရှိလျှင် "ဦးကာရန်" ဖွဲ့သီလေမည်လား၊ တစ်ဖန် "ကျိုင်းတုံ နောင်တုံ၊ တုံနှစ်တုံ၊ တုံသည် တုံးမှလာသတည်း"ဟု ကျီးသဲလေးထပ်ဆရာတော်က ပြန်လည်ဖြေကြားတော်မူလေမည်လား စသည့် အတွေးများ ဖြစ်ပါသည်။

တုံသည် တုံးမှ ဆင်းသက်လာသော ရှမ်းဘာသာစကားဖြစ်၏။ တုံး၏ အဓိပ္ပာယ်မှာ ခံယူသည်၊ ခံထားသည်ဟုဖြစ်၏။ ဘိုးဘေးဘီဘင်အစဉ်အဆက် ပြောဆိုရိုးစကားရှိခဲ့သည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များအား ဆွမ်းကပ်ရန် ဆွမ်းဆန်တော် ရေဆေးရာမှ ထိုရေသည် ယခု နောင်တုံရေကန်ရှိရာအထိ စီးဆင်းခဲ့ပြီး နောင်အခါဝယ် ရေပြင်ကျယ် ဖြစ်လာသည်ဟူ၏။ ထို့ကြောင့် ဆွမ်းဆန်ဆေးရေခံယူထားသော "တုံး"မှ ကာလရွေ့လျောလာသောအခါ "တုံ"ဟု ဖြစ်လာပြီး ရေပြင်ကျယ်ကို ရှမ်းဘာသာဖြင့် "နောင်"ဟုခေါ်ရကား "နောင်တုံ" "ဆွမ်းဆန်ဆေးရေခံယူသော ရေပြင်ကျယ်"ဟု မြန်မာဘာသာအဓိပ္ပာယ် ရရှိပါသည်။

တစ်ဖန် "ကျိုင်း"မှာ မြန်မာဘာသာအားဖြင့် "ထမင်းအိုးတည်သော ဖိုခုံလောက် (ဖိုခနောက်)" ဖြစ်ရာ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များအား ဆက်ကပ်ဖို့အတွက် ဆွမ်းချက်သည့် ဖိုခုံလောက် (ဖိုခနောက်) ရှိရာမြေကို ကျိုင်းဟုခေါ်တွင်ရာမှ နောင်တွင် ထိုဖိုခုံလောက် (ဖိုခနောက်) ကလည်း ဆွမ်းဆန်နှင့် ရေထည့်ထားသည့် ထမင်းအိုးကို ခံထားသော သဘောအသွင်ဆောင်နေသဖြင့် "ကျိုင်းတုံ"ဟု နှစ်လုံးတွဲမြို့အမည် ဖြစ်ပေါ်လာပါသည်။ ဤကား ဤအရှင်တို့ လေ့လာမိသမျှ နောင်တုံရေကန်အမည်နှင့် ကျိုင်းတုံမြို့အမည် ဗျုပ္ပတ် ဖြစ်ပါသည်။

သို့ဆိုလျှင် ကျိုင်းတုံသည် ဖိုခုံလောက် (ဖိုခနောက်) မြို့ဖြစ်၍ ဘာသာရေးအရ ဘုရား၊ တရား၊ သံဃာ ဟူသော ဖိုခုံလောက်ဆိုင် မဏ္ဍိုင်သုံးရပ် မတ်မတ်မားမား တည်ပွားလျက်ရှိသလို အမျိုးသားရေးအရ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဖိုခုံလောက်ဆိုင် မဏ္ဍိုင်သုံးရပ် မတ်မတ်မားမား တည်ပွားလျက်ရှိသော တိုင်းမြို့တော်ကြီးအဖြစ် မြင်တွေ့ရပါသည်ဟု ဆိုရပါမည်။

နောင်တုံရေကန်ကလည်း အမျိုးသားရေးအရ ဒို့တာဝန်အရေးသုံးပါးကို တစ်သားတည်းခံယူထားသော အသွင်၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ တစ်ရာကျော်အကြား ရေကိုသား၍ ကြားမထင်သောအသွင် တွေ့မြင်ရပါသည်။

သို့ဖြင့် ကျိုင်းတုံမြို့၌ အခြားလေ့လာဖွယ်ရာများကို လေ့လာပြီးနောက် ရက်ပိုင်းအတွင်းမှာပင် ကျိုင်းတုံမှတာချီလိတ်မြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။

ကျိုင်းတုံမှ ၁၀၂ မိုင်ဝေးသော တာချီလိတ်မြို့သို့ သုံးနာရီကျော်မျှဖြင့် ရောက်ရှိလောက်အောင် ပြည်ထောင်စုလမ်းမကြီးက ချောမွေ့ကောင်းမွန်လျက်ရှိ၏။

ယနေ့ တပ်မတော်အစိုးရ မတက်ရောက်မီ ဟိုအချိန်ကာလများတုန်းကမူ ဤခရီးသည် ညအိပ်ခရီး ဖြစ်ခဲ့၏။ အကယ်၍ လမ်းပြိုမှုကြုံရလျှင် သုံးလေးည ခရီးဖြစ်ခဲ့၏။ ထိုစဉ်ကတည်းက ထိုအကြောင်းအရာတွေကို ကြားထားခဲ့ရဖူးသဖြင့် ယခုကိုယ်တိုင် ဖြတ်သန်းရသည့် ကာလဝယ် အဘယ်ကြောင့် လမ်းပြိုရသနည်းဟု ယာဉ်စီးရင်း ပတ်ဝန်းကျင်ကို လေ့လာကာ အဖြေရှာနေမိ၏။

ကျိုင်းတုံ–တာချီလိတ် လမ်းကြောမှာ တစ်ဖက်၌ ချောင်းရိုးရှိ၍ တစ်ဖက်၌ တောင်စွယ် တောင်ကြောရှိနေသဖြင့် အချို့တောင်ကြောများသည် နုံးသဲတောင်ကြောဖြစ်နေရာ မိုးများလွန်းသည့် အချိန်၊ ရက်ဆက်မိုးရွာသွန်းသည့် အချိန်များဝယ် နုန်းသဲများ ပြိုဆင်းလာပြီး ပေပေါင်းများစွာ လမ်းပိတ်သွားနိုင်ခြင်း၊ မိုးများရွာသွန်းလွန်းသည့်ကာလမျိုးဝယ် တောင်ကျရေ ဒလဟော ထိုးဆင်းလာသလို ချောင်းရေကလည်း အရှိန်ပြင်းပြင်း စီးဆင်းလေ့ရှိသဖြင့် ပ–စောက်ကွေ့လို လမ်းကြော၌ ပ–စောက်ဗိုက်အတွင်း ချောင်းရေ တိုးဝှေ့ထိုးဆင်းလျှင် ယင်းလမ်းကြော ပြိုကျနိုင်ခြင်း စသည်များ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါသည်။

ယနေ့ကာလတွင်သော် တပ်မတော်အစိုးရ၏ ကြီးမားကျယ်ပြန့်သော စေတနာကြောင့် ပထမဦးစွာ လမ်းကြောင်းတစ်ခုလုံးကို ခြောက်လမ်းသွား လမ်းမကြီးအဖြစ် စက်ယန္တရားများ လှိုင်လှိုင်သုံး၍ လမ်းကျယ်အောင်ချဲ့ပြီး နုန်းသဲတောင်များရှိလျှင် လမ်းပေါ်ပြိုမကျအောင် တောင်နံရံကို လှေကားထစ်ပုံစံ စက်ယန္တရားများဖြင့် ပုံဖော်ထားခြင်း၊ ပ–စောက်ကွေ့လို နေရာမျိုးဝယ် ချောင်းရေမတိုးနိုင်လောက်အောင် ကျောက်နံရံခံထားခြင်း စသည့် အခြေခံတည်ဆောက်မှုများနှင့်တကွ ကုန်တင်ယာဉ်ကြီးများ၏ ဖိအားကြောင့် အချိုင့်၊ အခွက်၊ အဖု၊ အထစ် မဖြစ်ရလေအောင် စံချိန်စံညွှန်းမီ အကောင်းဆုံးလမ်းမကြီးအဖြစ် တည်ဆောက်ဖောက်လုပ်ပေးထားရကား ခရီးသွားအားလုံး တပြုံးပြုံးလန်းဆန်း လူမပန်း အချိန်မကုန်သည့် ခရီးဖြစ်လာနေလေပြီ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✤

ယာဉ်ပေါ်၌လိုက်ပါရင်း ဘဝခရီးလမ်းကို အတွေးနယ်ဝင်နေဆဲ ကျိုင်းတုံမြို့ ကမ္ဘည်းကျောက်စာကို ဖြတ်ကျော်လာသောအခါ ထင်းထင်း ထင်ထင်တွေ့မြင်လိုက်ရသည်မှာ ကျိုင်းတုံတက္ကသိုလ် ပင်မအဆောက်အအုံကြီး ဖြစ်ပါသည်။ ခံ့ညားထည်ဝါလျက်ရှိသော ပင်မတက္ကသိုလ် အဆောက်အအုံနှင့်အတူ မနီးမဝေးရှိ ဆရာ၊ ဆရာမများအတွက် အိပ်ဆောင်များ၊ ရပ်ဝေးကျောင်းသား၊ ကျောင်းသူတို့အတွက် အိပ်ဆောင်များ အပါအဝင် ကျယ်ဝန်းဆိတ်ငြိမ်သော ဤကျိုင်းတုံတက္ကသိုလ်ကြီးက ဒေသခံရင်သွေးငယ်များအား ပညာပြည့်ဝ နှလုံးလှအောင် ထောက်မ သင်ကြားပေးနေလျက်ရှိလေပြီ။

ပြည်ပဈေးကွက် တင်ပို့လျက်ရှိသည့် နိုင်ငံတကာအဆင့်မီအရည်အသွေးမြင့် ထရန်စဖော်မာများ

ငွေအောင်(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၃၁

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးရေး အစီအမံများကို နိုင်ငံတော်၏ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ စက်မှုနယ်မြေများနှင့် စက်မှုဇုန်များတည်ဆောက်ခြင်း၊ စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ရွှေပြည်သာစက်မှုဇုန်သည် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း တည်ရှိပြီး လည်ပတ်စက်ရုံများမှာ ဇုန်အပိုင်း(၁)တွင် ၁၂၈ရုံ၊ ဇုန်အပိုင်း(၂)တွင် ၂၂ရုံ၊ ဇုန်အပိုင်း(၃)တွင် ၅၂ရုံ၊ ဇုန်အပိုင်း(၄)တွင် ၂၂ရုံ၊ သာခုကန် စက်မှုဇုန် ၁၁ရုံနှင့် ဝါးတစ်ရာ စက်မှုဇုန် ခုနစ်ရုံ စုစုပေါင်း ၂၄၂ရုံဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ တိုးတက်ဖြစ်ထွန်းနေသော ရွှေပြည်သာစက်မှုဇုန်အတွင်းရှိ စက်ရုံများအနက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည့် ရန်ကုန်ထရန်စဖော်မာစက်ရုံသို့ သွားရောက် သတင်းရယူခဲ့သည်။ ကုမ္ပဏီမှ ဒါရိုက်တာ ဦးသန့်ဇင်သောင်းအားတွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းခဲ့သည်။

ရန်ကုန်ထရန်စဖော်မာနှင့် လျှပ်စစ်ပစ္စည်း ကုမ္ပဏီလီမိတက်သည် ပထမဆုံး ထရန်စဖော်မာစက်ရုံကို ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကုန်ကြမ်းများ ပြည်ပမှ တင်သွင်း၍ ထရန်စဖော်မာများ စတင်ထုတ်လုပ်ခဲ့သည်။ မြန်မာနိုင်ငံရှိ အကြီးစားလျှပ်စစ်ပစ္စည်းများထုတ်လုပ်သော လုပ်ငန်းများအနက်မှ ကမ္ဘာ့အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းလက်မှတ် ISO 9001-2000 Certificate ကို ရရှိခဲ့ပြီး (၃)နှစ်ပြည့် အစစ်ဆေးခံ သက်တမ်းတိုးလက်မှတ်ကို ရရှိပြီးဖြစ်ကြောင်းသိရသည်။

ဦးသန့်ဇင်သောင်းက ရှင်းလင်းပြောကြားရာတွင် ၎င်းတို့ ကုမ္ပဏီသည် သွင်းကုန်အစားထိုးရေး၊ ပြည်တွင်းဖူလုံရေး ဦးစားပေး၍ နိုင်ငံခြားငွေ ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ကုန်သွယ်ရေးမူဝါဒများနှင့်အညီ ထရန်စဖော်မာများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ထရန်စဖော်မာ တင်ပို့မှုကို ၂၀၀၅ ခုနှစ် မေလ ၂၆ရက်က စတင်ခဲ့ရာ ယင်းနှစ်တွင် တစ်လုံးစတင်တင်ပို့နိုင်ခဲ့ပြီး ဝယ်ယူသူများအနေဖြင့် အရည်အသွေးလက်ခံနှစ်သက်မှုကြောင့် ထပ်မံအမှာလွှာများ ရောက်ရှိလာခဲ့ရာ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၇ရက်တွင် ထရန်စဖော်မာ ရှစ်လုံးကို တင်ပို့ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်အတွင်း၌လည်း ရန်ကုန်ထရန်စဖော်မာကုမ္ပဏီသည် ဩစတြေးလျကုမ္ပဏီတစ်ခုဖြစ်သော Timestar Holding PTY Ltd နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် သုံးစွဲသည့် 200 KVA မှ 15 MVA ရှိ ထရန်စဖော်မာ ၁၇လုံး ထုတ်ပေးရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှစကာ တင်ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ထရန်စဖော်မာကုမ္ပဏီသည် တင်ဒါခေါ်ယူမှုကို ကိုရီးယား၊ အိန္ဒိယ၊ တရုတ်၊ ထိုင်းထရန်စဖော်မာကုမ္ပဏီများနှင့် ယှဉ်ပြိုင်ပြီး တင်ဒါရရှိခဲ့ခြင်းဖြစ်သည်။ အရည်အသွေးပိုင်းကို အထူးဂရုစိုက်၍ ကဏ္ဍတစ်ခုစီအလိုက် စစ်ဆေးမှုများပြုလုပ်သည်။ သဘာဝဒဏ်ကိုလည်းခံနိုင်ပြီး ပျက်စီးခြင်း မရှိသလောက်ဖြစ်၍ ပြည်တွင်းမှာလိုအားလည်း များလာကာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဓာတ်အားခွဲရုံများ၊ စက်မှု(၁) ဆောက်လုပ်ရေးစီမံကိန်းကြီးများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများတွင်သုံးရန် အမှာစာများရရှိ၍ အဆက်မပြတ် ထုတ်လုပ်တင်ပို့ပေးနေကြောင်းနှင့် တစ်စုံတစ်ရာ ချွတ်ယွင်းမှုများ ဖြစ်ပါကလည်း နေ့ညမရွေး ဝန်ထမ်းများကို စေလွှတ်၍ ပြင်ဆင်မှုပေးနိုင်ရန် စီမံထားကြောင်း သိရသည်။

ယခု ခုနှစ်တွင် ဩစတြေးလျနှင့် အာဖရိက သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထရန်စဖော်မာများ မှာယူရန် အလားအလာကောင်းများ ရှိနေကြောင်း၊ မကြာမီ စာချုပ်ချုပ်ဆိုရန် ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်ခြင်းကြောင့် အခြားသော နိုင်ငံများမှလည်း လျှပ်စစ်ဆက်နွယ် ထုတ်ကုန်များဖြစ်သော 66 KV, 33 KV, 11 KV Disconnecting Switch များကို တင်ပို့ရန် အမှာစာများ လက်ခံရရှိထားကြောင်း၊ ပြည်ပဈေးကွက်သို့ ထရန်စဖော်မာများ ပိုမိုတင်ပို့နိုင်ရေးအတွက် စွမ်းရည်ပိုမိုမြင့်မားသော ပါဝါထရန်စဖော်မာများ ထုတ်လုပ်နိုင်ရန် ရွှေလင်ပန်းစက်မှုဇုန်တွင် စက်ရုံအသစ်တစ်ရုံကို တိုးချဲ့တည်ဆောက်လျက်ရှိကြောင်းကို ဒါရိုက်တာ ဦးသန့်ဇင်သောင်းက ရှင်းပြသည်။

ခေတ်မီပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းစက်ရုံများ၊ သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ တိုးတက်ရရှိလာသည့်အပြင် ဒေသခံ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေခဲ့သည်။ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ အပါအဝင် စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်ပတင်ပို့ရန် 15 MVA ထရန်စဖော်မာကို ကွန်တိန်နာများပေါ်သို့ တင်ဆောင်နေကြစဉ်။

အိုးခွံ၏ လေတောင်များ Spot Welding ပြုလုပ်နေစဉ်။

စက္ကူပတ် ကြေးကြိုးများကို H.V ကွိုင်အဖြစ် ပတ်နေကြစဉ်။



ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး နှမ်းထမနဲ စတုဒိသာပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် နှမ်းထမနဲထိုးပွဲနှင့် စတုဒိသာလှူပွဲကို ဖေဖော်ဝါရီ ၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၃နာရီမှ စတင်ကာ ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများအား စတုဒိသာကျွေးမွေး၍ လှူဒါန်းမည်ဖြစ်သည်။ နှမ်းထမနဲတစ်ဒယ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တစ်နိုင်အလှူဖြင့်လည်းကောင်း ဂေါပကရုံး ဖုန်း–၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဟသ်ာတအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅ လမ်းရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပရာ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သင်္ချာဘာသာ ထူးချွန်သူ ၁၀ ဦး စာရင်းဝင်သည့် "သင်္ချာအိုလံပစ်ဆု" ရရှိခဲ့သူ ဟသ်ာတအသင်းဝင် မျိုးဆက်သစ်ကျောင်းသားတစ်ဦးကို ဟသ်ာတအသင်း ဒုတိယဥက္ကဋ္ဌ ဟသ်ာတဦးမြင့်ငွေက ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✤ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တာချီလိတ်အဝင်တွင် လှမ်းမြင်နေရသည့် လေဆိပ်အဆောက်အအုံက မြန်မာမှုဖြင့် ခံ့ညားထည်ဝါနေ၏။ တစ်ချိန်က တောမြို့သာသာ ခပ်ဝပ်ဝပ်တည်ရှိခဲ့သော တာချီလိတ်သည် ခရစ်နှစ် ၂၀၀၀ ဝန်းကျင်မှစ၍ မြို့ပြရပ်ဝန်းသို့ တိုးဝင်နိုင်ခဲ့၏။ မျက်နှာချင်းဆိုင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့်အပြိုင် ဖွံ့ဖြိုးတိုးတက်မှုခရီးကို နှင်လျက်ရှိနေလေပြီ။

တပ်မတော်အစိုးရ ဦးဆောင်တည်ထားအပ်သော ရွှေတိဂုံပုံတူ ရွှေစေတီတော်၏ ဘုန်းတန်ခိုးအရိပ်အာဝါသအောက်ဝယ် တာချီလိတ်မြို့သူ၊ မြို့သားတို့သည် ဘုရားမမေ့ တရားမမေ့ရင်း ထွေးပွေ့ထားရမည့် မြန်မာ့ ယဉ်ကျေးမှုကို ဂရုတစိုက် တမြတ်တနိုး တန်ဖိုးထားလျက်သာရှိကြကုန်၏။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ဘက်မှဝင်လာလျှင် ထင်သာမြင်သာသော နေရာ၌ ဘုရင့်နောင်ရုပ်တုကို ထုလုပ်ထားရှိပြီး ပန်းဥယျာဉ်သဖွယ် တည်ဆောက်ထားသည်။

နောင်ရိုးတိုက်ပွဲ၏ နောင်ရိုးစိတ်ဓာတ်ပိုင်ရှင် ဘုရင့်နောင်မင်းတြား တည်ထောင်ခဲ့သည့် ဒုတိယမြန်မာ နိုင်ငံတော်ကြီးသည် မင်းတြားကြီး မျက်ကွယ်ကာလတွင်မူ အချိန်တိုလေးအတွင်းမှာ အမြွာမြွာ အစိတ်စိတ် ဖြစ်ခဲ့ရပုံတို့ကိုပါ မြင်ယောင်လာမိ၏။

တာချီလိတ်မြို့ ဘုရင့်နောင်ပန်းခြံအတွင်း ဘုရင့်နောင်ရုပ်တုရှေ့ဝယ် အတိတ်သို့ တဒင်္ဂပျံ့လွင့်သွားသော အတွေးစိတ်သည် ချက်ချင်းပင် ပစ္စုပ္ပန်တည့်တည့် ပြန်လည်ရောက်ရှိလာ၏။ ယနေ့ မြန်မာနိုင်ငံဆီ၊ ယနေ့ တပ်မတော်အစိုးရလက်ထက်ဆီ။

၁၉၈၈ ခုနှစ်၏ သည်မှာဘက်ဝယ် မြန်မာနိုင်ငံသည် အမှန်ပင် တည်ငြိမ်အေးချမ်းလာ၏။ ဖွံ့ဖြိုးတိုးတက်လာ၏။ ပကတိမျက်စိနှစ်လုံးရှိသူတိုင်း မြင်တွေ့သိရှိနိုင်သလို ပကတိနားနှစ်ဖက်ရှိသူတိုင်း ကြားသိနိုင်လျက်ရှိ၏။ သည်အနေအထားသို့ရောက်အောင် ယနေ့တပ်မတော်အစိုးရသည် အဘယ်မျှ လူပန်း၊ စိတ်ပန်းခံကာ ထမ်းတင်ခဲ့ရပါသနည်း။ နေ့မအား၊ ညမနား ကြိုးစားမြှင့်တင်ခဲ့ရပါသနည်း။

ပကတိမျက်လုံးအထက် ဉာဏ်မျက်လုံးပွင့်နေသူများ၊ ပကတိနားအထက် ဉာဏ်နားစွင့်နေသူများကတော့ အလုံးစုံ၊ ဥသုံ၊ ခြုံငုံမြင်ကြားနေကြကုန်၏။ ထို့ကြောင့်ပင် ယနေ့တပ်မတော်အစိုးရနည်းတူ ဖြစ်ပေါ်တိုးတက်မှုဟူသမျှကို ပြန်အကျမခံနိုင်၊ ပြန်အဆုတ်ယုတ် မခံနိုင်ကြပြီ။

သို့ဖြစ်လေရာ မြန်မာ့သမိုင်း၊ မြန်မာ့ရေခံ မြေခံ၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့အရည်အသွေးတို့နှင့် သင့်တင့်လျောက်ပတ်စွာ ဂလိုဘယ်လိုက်ဇေးရှင်းကို ဖြတ်သန်းမည့် တစ်ကြောင်းတည်းသော ခြေလှမ်းများဟု ဆိုအပ်သည့် "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်"ကို အူကြောင်းပေးကာ တစ်ဆင့်ပြီးတစ်ဆင့် ဖောက်လုပ်လျှောက်လှမ်းလျက်ရှိသည်မှာ ယနေ့သော် အဆင့်(၃)အထိ ပေါက်ရောက်နေလေပြီ။

ယင်းမူဝါဒလမ်းစဉ် (၇) ရပ် သတ္တမအဆင့်၏ ဟိုမှာဘက်ရောက်သော ကာလသည် ဘုရင့်နောင်မင်းတြား၏ မျက်ကွယ်ခေတ်၊ တစ်တောတစ်ကြက်ဖတွန်သောခေတ်၊ ကွဲပြားခြားနားခြင်းကြောင့် အောက်သို့စုန်ဆင်းခေတ်ကို အမြစ်ပါ ဆွဲနုတ်နိုင်သည့်ကာလ ဖြစ်ပေတော့မည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး အတွေးအမြင်ကျယ်ပြန့်စွာ၊ စိတ်သဘောထားကြီးမားစွာ၊ နားလည်မှုမှန်ကန်စွာဖြင့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရန် အားသန်မာန်ထား ဘယ်မနား ကြိုးစားလျှောက်လှမ်းနိုင်ကြစေသော်ဝ်ဟု တာချီလိတ်မြို့ ဘုရင့်နောင်ပန်းခြံတွင်းမှာ စိတ်ရင်းစေတနာအရ ပတ္ထနာဆန္ဒပြုမိလျက်ရှိတော့၏။ ။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းကိရိယာများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် ဆရာ၊ ဆရာမများအား ပညာရပ်ဆိုင်ရာများကို ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ် ၄၇၂ ကီလိုဝပ်နာရီသန်းပေါင်း ပျမ်းမျှ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အဓိကလုပ်ငန်းများဖြစ်သည့် ရေလွှဲဆည် အမှတ်(၁)၊ ရေလွှဲဆည်အမှတ်(၂)၊ ရေယူအဆောက်အအုံ၊ ရေယူတူးမြောင်း၊ သဲနုန်းထုတ်ကန်၊ ရေသွယ်မြောင်း၊ ရေထိန်းကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ဖိအားမြှင့်ပိုက်လိုင်းလုပ်ငန်းအနေဖြင့် ၆၅ ရာခိုင်နှုန်းနှင့် ဓာတ်အားပေးစက်ရုံမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းကြီးကို ၂၀၀၈ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ အထက် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊ ပိုလျှံသော ဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ် တည်ဆောက်လျက်ရှိပါကြောင်း၊ အထက်ကျိုင်းတောင်း ရေအား လျှပ်စစ်စီမံကိန်းက ၅၂ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ်ကို နမ့်စန် ပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ရှိ မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသော ဓာတ်အားများကို နမ့်စန်–ပင်းပက်–ကလော (၁၃၂)ကေဗွီဓာတ်အားလိုင်းမှ ကျန်ဒေသများသို့ လျှပ်စစ်ဓာတ်အားပေးပို့ရန် ဖြစ်ပါကြောင်း၊ ကျိုင်းတောင်း–နမ့်စန်၊ နမ့်စမ်–ပင်းပက်၊ နမ့်စန်–လွိုင်လင်၊ နမ့်စန်–မိုးနဲ ဓာတ်အားလိုင်းများ ဆက်သွယ်ရေး၊ နမ့်စန်၊ လွိုင်လင်၊ မိုးနဲ ဓာတ်အားခွဲရုံများ တည်ဆောက်ရေး၊ မိုးနဲ–မောက်မယ်၊ လင်းခေး–မိုင်းပန် ကျိုင်းတောင်းစက်ရုံမှ ကျိုင်းတောင်းမြို့သို့ ဓာတ်အားလိုင်းများ သွယ်တန်းရေးနှင့် မိုးနဲ မြို့၊ မောက်မယ်မြို့၊ လင်းခေးမြို့၊ မိုင်းပန်မြို့နှင့် ကျိုင်းတောင်းမြို့များအတွင်း ဓာတ်အားခွဲရုံများ တည်ဆောက်ရေး ဆောင်ရွက်နေပါကြောင်း၊ ကျိုင်းတောင်းစက်ရုံမှ ပထမစက်တစ်လုံး ပြီးစီးပြီး ဓာတ်အားထုတ်လွှတ်ပေးသည်နှင့် တစ်ပြိုင်နက် မဟာဓာတ်အားလိုင်းများမှ ဆက်စပ်ဆက်နွယ်သော မြို့များသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရေး အရန်သင့်ဖြစ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ပြန်လည်ဆွေးနွေး မှာကြားရာတွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတို့ကို ရည်မှန်းချက်အတိုင်း ပြီးစီးရေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဤစီမံကိန်းများက ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားကို ဒေသလိုအပ်ချက်အတိုင်း ဦးစားပေးဖြန့်ဖြူးပြီး စနစ်တကျ ပြည့်ပြည့်ဝဝ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း မန်နေဂျာ **Mr.Wu Jing De** နှင့် အဖွဲ့အား သစ်သီးခြင်း လက်ဆောင်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်တိန်ချောင်း (ကျိုင်းတောင်းရေတံခွန်)နှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို လည်းကောင်း ကြည့်ရှု၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းအတွင်း ကျိုင်းတောင်းရေထိန်းကန်၊ နန်းစစ်ကန်၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ သဲထုတ်တံခါး၊ ရေလွှဲဆည် အမှတ်(၁)၊ ရေလွှဲဆည် အမှတ်(၂)၊ ရေသွယ်မြောင်း၊ သဲနုန်းထုတ်ကန်၊ ရေယူတူးမြောင်း၊ ဖိအားမြှင့် ပိုက်လိုင်းနှင့် ကျိုင်းတောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ တုန်ဟုန်းပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ဆရာတော် ဘဒ္ဒန္တသောစိတ္တာနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ သံဃာဆောင် တည်ဆောက်မည့် လုပ်ငန်းနှင့် စကြီလမ်းတည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လိုက်လံရှင်းလင်း ပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး ဦးခင်မောင်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်း (Multi Media Class Room) များအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က ပညာရေးဆိုင်ရာများကို ဆွေးနွေးမေးမြန်းမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့သို့ ရောက်ရှိကြပြီး ကျေးသီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ခိုင်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ အမျိုးသမီး ဆေးကုဆောင်၊ အမျိုးသားဆေးကုဆောင်၊ သွားနှင့်ခံတွင်းဆေးကုခန်း၊ ဓာတ်မှန်ဆောင်များအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဆေးရုံသုံး ဆေးဝါးပစ္စည်းကိရိယာများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြကာ အတွင်းရေးမှူး(၁)က လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ကျေးသီးမြို့မှ ညနေ ၃ နာရီတွင် ထွက်ခွာခဲ့ကြရာ တောင်ကြီးမြို့မှတစ်ဆင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေတို့သည် ဇန်နဝါရီ ၂၇ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ အလုပ်အမှုဆောင်အဆင့်ဆင့်များနှင့် တွေ့ဆုံပြီး တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးမှာကြားကာ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်လက်တွဲ၍ အားတက်သရော ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတောင်းမြို့နှင့် ကျေးသီးမြို့နယ်တို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြရေးနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေး မှာကြားကြသည်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မိုင်းဆတ်မြို့နယ် ပြည်သူ့ဆေးရုံကြီး ဆေးစတိုခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ စန္ဒဝတီကုန်းတော်၌ တည်ထားကိုးကွယ်သော မဟာသိဒ္ဓိဇယစေတီတော်ကို သွားရောက် ဖူးမြော်ကြည်ညိုပြီးနောက် စေတီတော်ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများအတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှာကြား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တနင်္သာရီတိုင်း၌ ၂၀၀၇–၂၀၀၈ တွင် လယ် (မိုးစပါး၊ နွေစပါး) စုစုပေါင်း ၄၄၃၉၀၂ ဧက စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်း ၆၆ ဒသမ ၈၀ တင်း ထွက်ရှိခဲ့ကြောင်း၊ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် မိုးစပါးဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နွေစပါးကိုလည်း ၂၀၀၇–၂၀၀၈ တွင် ဧက ၄၀၀၀၀ လျာထားခဲ့ရာ ၂၄၄၄၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း။

ပြင်ဆင်လျက်ရှိ

ဆီအုန်းဧက ငါးသိန်းပြည့်မီရေး၊ ရော်ဘာဧက နှစ်သိန်း ပြည့်မီရေး အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေထွက်ပစ္စည်း တင်ပို့မှုကိုလည်း ရည်မှန်းချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ရန်ကုန်–ထားဝယ်–မြိတ်–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးအား ဦးစားပေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး Computer Lab၊ Computer Aided (Audio) ခန်းများကိုလည်းကောင်း၊ မြိတ်တက္ကသိုလ်သို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းထားသော Computer များ၊ Training Center Room များ၌ တပ်ဆင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်၏ အဏ္ဏဝါသိပ္ပံပြခန်း (Marine Museum)၊ တက္ကသိုလ်၏ စာသင်ခန်းများ ဖွဲ့စည်းထားရှိမှုနှင့် တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြိတ်တက္ကသိုလ်တွင် ဘာသာရပ် ၁၃ မျိုး သင်ကြားပို့ချပေးလျက်ရှိပြီး နေ့ကျောင်းသား ၂၅၃၄ ဦးနှင့် အဝေးသင်ကျောင်းသား၊ ကျောင်းသူ ၂၆၀၆ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၁၄၀ တို့ကို ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းမြင့်သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ အင်းစိန်မြို့နယ် ရွာမသဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း အလုံသဘာဝဓာတ်အားပေးစက်ရုံတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံခဲ့

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် (၄)ခရိုင်နှင့် မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် အင်းစိန်မြို့နယ် ရွာမသဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်–၂ လျှပ်စစ်)

တတိယအကြိမ် သုတစွယ်စုံ စာပေဆု ရရှိသူများစာရင်း ကြေညာ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် SWESONE MEDIA GROUP၏ သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်မည့် "တတိယအကြိမ် သုတစွယ်စုံစာပေဆု" ရရှိသူများ စာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများ

တတိယအကြိမ် သုတစွယ်စုံ စာပေဆု ရရှိသူများမှာ ဝိဇ္ဇာဘာသာရပ်အတွက် "စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ" စာအုပ်ဖြင့် ဒေါက်တာမတင်ဝင်း၊ စာပဒေသာ ဘာသာရပ်အတွက် "သေတစ်နေ့မွေးတစ်နေ့" စာအုပ်ဖြင့် နောင်စစ်သည်၊ ဘာသာပြန် စာပေဘာသာရပ်အတွက် "အကြွင်းမဲ့ခေါင်းဆောင်မှု သဘောတရား" စာအုပ်ဖြင့် မောင်မြင့်ကြွယ်၊ လူမှုစီးပွားဘာသာရပ်အတွက် "ဂလိုဘယ်လိုက်ဇေးရှင်း ငွေကြေးဈေးကွက်အတွေးအမြင်" စာအုပ်ဖြင့် ခင်မောင်ညို(ဘောဂဗေဒ)၊ ရည်ညွှန်းစာပေ ဘာသာရပ်အတွက် "အရှေ့တောင် အာရှ အနုသုခုမလက်ရာများ အဘိဓာန်" စာအုပ်ဖြင့် တောင်ခိုး၊ လူငယ်စာပေ ဘာသာရပ်အတွက် "ပညာမတတ်သော ပညာရှိ၊ ပညာမရှိသော ပညာတတ်" စာအုပ်ဖြင့် နေဇင်လတ်၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် "ကမ္ဘာ့စစ်မှုရေးရာ အပိုင်းအစများ" စာအုပ်ဖြင့် ရဲရင့်တင့်ဆွေ၊ သိပ္ပံဘာသာရပ်အတွက် "အနုစိပ်သိသမျှ ရုပ်လောက" စာအုပ်ဖြင့် ဘိုးလှိုင်၊ အသုံးချသိပ္ပံဘာသာရပ်အတွက် "သဘာဝမှရသော ကျန်းမာသုခ" စာအုပ်ဖြင့် ဒေါက်တာ ခင်မောင်လွင် (FAME) နှင့် သုတစွယ်စုံ တစ်သက်တာ စာပေဆုအတွက် ဦးမျိုးသန့် (ဆရာမောင်ဆုရှင်)တို့ ဖြစ်သည်။

တိုးမြှင့်ချီးမြှင့်မည်

ယခု တတိယအကြိမ် သုတစွယ်စုံ စာပေဆုများကို ၂၀၀၆ ခုနှစ် အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို အခြေခံကာ ရွေးချယ်ခြင်းဖြစ်ပြီး ပထမအကြိမ်တွင် ဆုငါးမျိုး၊ ဒုတိယအကြိမ်တွင် ဆုခုနစ်မျိုး ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် လူငယ်စာပေ၊ လူမှုစီးပွားနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို တိုးမြှင့်၍ ဆု ၁၀ ဆုအထိ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆုပေးပွဲတွင် ဆုငွေများကိုလည်း ယခင်နှစ်များကထက် ပိုမိုတိုးမြှင့် ချီးမြှင့်မည်ဖြစ်ရာ သုတစွယ်စုံ တစ်သက်တာ စာပေဆုကို ငွေကျပ် ငါးသိန်းအထိ တိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ယခင်နှစ်များက ယင်းဆုကို ဆရာသိပ္ပံမှူးတင်နှင့် ဆရာပါရဂူတို့ ရရှိခဲ့ပြီးဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ယခုနှစ် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအနေဖြင့် ဆုချီးမြှင့်မည့် ရက်နှင့် နေရာကို ဖုန်း– ၂၅၂၄၁၇ နှင့် ၃၇၄၄၀၀ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွံ့တေး (အလက–မြို့မ) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

တွံ့တေး မက်သဒစ် (အလက–မြို့မ)ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အလက–မြို့မရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ အသက် (၆၀)ပြည့် အငြိမ်းစား ယူပြီးသွားကြသော ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီ ပန်းဆိုးတန်း ဇက်ကူးဆိပ်ကမ်းသို့ အရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးကျော်မြင့် ဖုန်း–၀၁–၆၈၂၆၀၇၊ ဦးတင်ဦး ဖုန်း–၀၁–၂၄၄၂၁၃၊ ဦးစိန်ဝင်း ဖုန်း–၀၁–၂၄၇၄၄၅၊ ဦးမင်းနိုင် ဖုန်း–၀၄၅–၅၀၀၂၈၊ ဦးအောင်သူ ဖုန်း–၀၄၅–၅၀၃၅၄၊ ဦးမောင်ကို ဖုန်း–၀၄၅–၅၀၂၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁–၂–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဥ
- ၈:၂၀ ၇။ အကပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ English for Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
- ၅:၃၀ ၇။ **"ချစ်လွန်းလို့" (ဖိုးဖြူ၊ခင်စိုးပိုင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ–ကြည်စိုး)**
- ၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း–၅)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း–၂၄)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

မင်္ဂလာတောင်ညွန့်မြို့နယ် စာကြည့်တိုက်မှူးသင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်မှူး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် မြို့နယ်အသင်းရုံးခန်း၌ ကျင်းပသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို စာကြည့်တိုက်မှူး သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ တိုင်း အလုပ်အမှုဆောင် ဦးတင်အောင်၊ ဦးတင်လှိုင်၊ အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ မြို့နယ်မှူး ဒုတိယရဲမှူး ကံဝင်း၊ စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်လင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့် ဖိတ်ကြားထားသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်ကြားပို့ချ

အခမ်းအနားတွင် ရန်ကုန်တိုင်း တွဲဖက်အတွင်းရေးမှူး၊ အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြကာ တိုင်းအလုပ်အမှုဆောင် ဦးတင်အောင်က အလှူရှင် အသီးသီးက လှူဒါန်းသော အလှူငွေများကို လက်ခံသည်။ အဆိုပါ သင်တန်းတွင် စာကြည့်တိုက်နှင့် ပတ်သက်သော ဘာသာရပ်များကို သင်တန်းနည်းပြများက သင်ကြားပို့ချကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ၄၅ လမ်းရှိ ဟသ်ာတအသင်းတိုက်၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည့် ၂၀၀၈ ခုနှစ် ဟသ်ာတအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းညွန့်က ယခုနှစ် လူမှုထူးချွန်ဆု (တတိယဆင့်)ရရှိသော ဟသ်ာတအသင်းမှ ရာသက်ပန် အသင်းသား မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ကြခင်း ရေဝန်းကျောင်း မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်း ကြခင်းမြို့ စံရာတိုက် ရေဝန်းကျောင်းတိုက်အတွင်း၌ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ စိန္တိတ(သာသနဓဇ ဓမ္မာစရိယ)အား အမှူးထား၍ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၈၀)၏ နှစ်စဉ်ကျင်းပအပ်သော ခုနစ်ရက် တရားစခန်းပွဲကြီးကို (ပြာသိုလပြည့်ကျော် ၁၁ ရက်မှ တပို့တွဲလဆန်း ၂ ရက်) ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်း ပွဲကြီးတွင် ဘိုကလေးမြို့ စက်စမ်းကျောင်း ဆရာတော် ဦးမေဃိယနှင့် ဓမ္မကထိကဆရာကြီး ဦးတင်အေးတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်တွင် ရပ်ကွက်အတွင်းရှိ ကိုးလအရွယ်မှ ငါးနှစ်အတွင်း ကလေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ကျန်းမာရေးဆရာဝန် ဒေါက်တာ သဲမြတ်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၃၂၃)

ဇန်နဝါရီ ၆ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ၂၀၀၈ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာ ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၃) ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။(က-ပ)

အလွတ်တန်း ထုပ်ဆီးတိုးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး (အလွတ်တန်း) ထုပ်ဆီးတိုးပြိုင်ပွဲကို မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် အသင်းများသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှိ မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်ရုံးခန်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးမှာ ကျပ်သုံးထောင်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများကို ရှုံး/ထွက်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများတွင် အရန်အားကစားသမားအပါအဝင် ၁၀ ဦး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

မော်ကျွန်းအထက အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

မော်လမြိုင်ကျွန်းမြို့ အထက(၁) (ယခင်အစိုးရအထက်တန်းကျောင်း)မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဆရာကန်တော့ပွဲကို အထက(၁) ကျောင်းဝင်း၌ ဖေဖော်ဝါရီ ၂ရက် ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြရန်နှင့် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေ ထည့်ဝင်လိုပါက ဒေါ်ခင်မမ(ကျောင်းအုပ်ကြီး) အထက(၁) မော်လမြိုင်ကျွန်းမြို့နှင့် ဦးစံသိန်း (နာယက၊ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၆၄)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၂၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၂၆) ကို ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီး မင်းယုဝေ၊ ဒေါင်းနွယ်စိုး၊ ကို(တက္ကသိုလ်)၊ မြေလတ်မောင်မြင့်သူ၊ သိပ္ပံစိုးမြင့်နိုင်၊ အဖျောက်မြေ မောင်ဆွေမွန်၊ မောင်ထည်ဝါ(ပျော်ဘွယ်)နှင့် ခြိမ့်နိုင်တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်လှကြွယ်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ ဦးတင်ရှိန်၊ ဦးကျော်(ပြည်ထဲရေး)၊ မောင်လှမွေး၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မြင့်သိန်း(ရန်ကုန်တက္ကသိုလ်)၊ အောင်စိုး(တိ/ကုဆရာဝန်)၊ အောင်ရန်နိုင်(ဘီအက်စ်)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ မောင်မောင်ဟန်(မကွေး)၊ တက္ကသိုလ်သျှင်သီရိ၊ မရွှေချစ်(လယ်ကိုင်း)နှင့် အောင်သိန်းဦး (ညောင်လေးပင်)တို့၏ သုတဆောင်းပါးများ၊ လေးဝတီကျော်၏ ဘာသာပြန်ဆောင်းပါးများ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ရသဝတ္ထုတိုကဏ္ဍ၊ မောင်စိန်တင်၏ ဂန္ထဝင်စာပေကဏ္ဍ၊ ကေတုနီလာ၊ ထားမြတ်မာ(မြန်မာစာ)၊ မောင်မောင်အုန်း(လယ်ဝေး)၊ ကျော်ကျော်(ပညာရေး)၊ ခင်လယ်လယ်ချစ် (မြန် /ဂုဏ်)၊ ဂီတစာဆိုမောင်မျိုးသူ၊ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)နှင့် လေလှိုင်းတို့၏ ရသဝတ္ထုတိုများ၊ ဦးခင်မောင်မြ (B.A, B.L)၏ ကျန်းမာရေးကဏ္ဍ၊ ဗိုလ်လောင်း လွင်ဘိုဘိုအောင်၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)နှင့် တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မောင်ညွှက်၊ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ တင်အောင်နီနှင့် မောင်မောင်စန်းလွင်တို့၏ ကာတွန်းကဏ္ဍ၊ ကိုရွှေတောသားနှင့် မောင်မီဒီယာတို့၏ ဟာသကဏ္ဍများ စုံလင်စွာပါရှိသည်။

စာမူများပေးပို့လိုပါက စာတည်းမှူးချုပ်၊ မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၆၇)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	**စေညွှန်းရာလမ်းမများ** -တက္ကစီမင်းနှင့်ရုပ်ရှင်ရှုး
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စည်းခြားထားသောအချစ် (အပိုင်း-၁)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် အသင်းဝင်များ စုံညီစွာတက်ရောက်ကြသည်။

သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်ခင်လေးကြီးက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ နှစ်ပတ်လည်အစီရင်ခံစာကို ဒေါက်တာ ဒေါ်မြတ်လေးကျင်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် ၂၀၀၇ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြ ဆွေးနွေးအတည်ပြုပြီး ၂၀၀၈-၂၀၀၉ ခုနှစ် အမျိုးသမီး ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးနှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြတ်လေးကျင်၊ ပြင်ပ စာရင်းစစ်တစ်ဦးအပါအဝင် အမှုဆောင်သစ် ၁၇ ဦးကို ရွေးချယ်တာဝန်ပေးအပ်ပြီး ဥက္ကဋ္ဌသစ် ဒေါ်ခင်မာအေးက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အောက်ပုံ)**

(၃၂)

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ မန္တလေးမြို့နှင့် အရာတော်မြို့နယ်တို့မှ ပါတီဝင်ခြောက်ဦး နုတ်ထွက်

နေပြည်တော် ဇန်နဝါရီ ၃၁

မန္တလေးမြို့ အရှေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အမျိုးသမီးစည်းရုံးရေး တာဝန်ခံ(၁)ဖြစ်သူ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်မြိုင်(ခ)ဒေါ်သန်းညွန့်နှင့် အရှေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးလှအောင်၊ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် တောင်မှာကျေးရွာနေ ဦးဌေးဝင်းနှင့် ဦးသိန်းထွန်းတို့သည် ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့ အရှေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ချမ်းမြသာစည်မြို့နယ်နေ ဦးခင်မောင်ဝင်းနှင့် ဒေါ်လှကြည်တို့သည် ဇန်နဝါရီ ၂၇ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

၎င်းတို့၏ နုတ်ထွက်စာများတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့သဖြင့် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲကို မတ် ၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဟော်ကီအသင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ဟော်ကီအသင်းများ၊ ကျောင်းသားအသင်းများနှင့် ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဆုရရှိကြသည့် အသင်းများအား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်က ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် အမျိုးသားဟော်ကီအသင်းများသည် ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် (သိမ်ဖြူမြက်ခင်းတုဟော်ကီအားကစားကွင်း) ဖုန်း-၂၉၀၂၀၀ သို့ဆက်သွယ်ပြီး စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကာလအတွင်း သိမ်ဖြူမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကြော်ငြာထည့်သွင်း လိုသူများသည် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

အထက(၃) ကြည့်မြင်တိုင် (ယခင် ဗိုလ်ကျုံးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျောင်းဝင်းအတွင်း စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယမန်နှစ်ကအထိ ဖိတ်ကြားခြင်းခံရသော ဆရာကြီး၊ ဆရာမကြီးများ အနေဖြင့် ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပူဇော်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျောင်းရုံးခန်းအတွင်း၌ ပြုလုပ်မည့် နောက်ဆုံးအစည်းအဝေးသို့ ကြွရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးမြင့်သန်း ဖုန်း-၀၉-၅၁၀၁၀၉၂၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၃၂၀၃၆၊ ဦးတင်ဝင်း ဖုန်း-၀၉-၅၀၅၀၂၈၀၊ ဦးချာလီမောင် ဖုန်း-၀၉-၅၀၁၅၃၁၃၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀၂၃၅၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

(၁၀၅)လိုင်းကား ဘရိတ်ပေါက်ပြီး လမ်းဘေးဆိုင်ဝင်တိုက်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း တာမွေမြို့နယ်၊ ဗညားဒလလမ်းမ သီတာလမ်းမှတ်တိုင်၌ ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်က (၁၀၅)ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမှတ်(၁၀၅) ယာဉ်လိုင်းမှ ယာဉ်မောင်း မောင်မောင်ညီ (၃၇)နှစ် ဆိုသူသည် တာမွေမှရန်ကုန်သို့ ခရီးသည်များတင်ဆောင် မောင်းနှင်လာစဉ် သီတာလမ်းမှတ်တိုင်အရောက် ကားဘရိတ်ပေါက်ပြီး လမ်းဘေးရှိ အကြော်ဆိုင်နှင့် ၎င်းဆိုင်ဘေး၌ ရပ်နေသူ (၁၄၅)လမ်း၊ အရိုးကုန်းရပ်ကွက်နေ ဦးအောင်နိုင်ဆိုသူအား တိုက်မိသည်။ ဆက်လက်၍ အရှိန်မထိန်းနိုင်ဖြစ်ပြီး (၁၄၆)လမ်းတွင်းရှိ ဖောင်းဖောင်း လက်ဖက်ရည်ဆိုင်ဘေးသို့ရောက်ရှိ၍ ယင်းဆိုင်ဘေး၌ ရပ်ထားသော ဆိုက်ကားတစ်စီးအား ဆက်လက်ထပ်ဆင့်တိုက်မိရာ ကား၏ ဘယ်ခြမ်း ထိခိုက်ပျက်စီး၍ လေကာမှန်ကွဲသွားသည်။ **(ဝဲပုံ)** ယာဉ်မောင်း မောင်မောင်ညီ (၃၇)နှစ် (ဘ) ဦးမောင်မောင်ထွေး သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက်အား ယာဉ်မှုစစ်မှ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၀၈)



မှုခင်းသတင်းများ

လူသတ်ပြီး ပစ္စည်းယူသူ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် လှဘီလူးကျေးရွာနေ ဦးဘိုမင်းကို-မသန်းစုနိုင်တို့၏ သမီးဖြစ်သူ အသက်(၄)နှစ်အရွယ်ရှိ မဇွန်ပိုးအိသည် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် လှဘီလူးကျေးရွာတောင်ဖျားရှိ ကျောင်းကပွဲဇာတ်တိုက်ရာသို့သွားကြည့်ရာမှ ပြန်မလာဘဲပျောက်ဆုံးနေ၍ လိုက်လံရှာဖွေရာ ည ၇ နာရီခန့်တွင် လှဘီလူးကျေးရွာ ရွာလယ်ပိုင်းရှိ လူမနေသည့် စံရွှေမြင့်ခြံအတွင်းရှိ ကပ်စေးနဲ့ပင်ချုံပုတ်ထဲတွင် သေဆုံးနေကြောင်း တွေ့ရှိရပြီး နားတွင် ဝတ်ဆင်ထားသည့် တန်ဖိုးကျပ် ၄၀၀၀၀ ခန့်တန် ရွှေနားကွင်းတစ်ရန်မှာလည်း ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် သေဆုံးသူ မဇွန်ပိုးအိ၏ အဘိုးဖြစ်သူ ဦးကြင်လှိုင်က ခရမ်းရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ခရမ်းရဲစခန်းမှ စခန်းမှူးရဲအုပ် ကျော်သိန်းနှင့် တပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးအတွက် စစ်ဆေးဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုးအောင် လှဘီလူးကျေးရွာ ခရမ်းမြို့နယ်နေသူအား ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ၏ ဖော်ထုတ်ချက်အရ သေဆုံးသူ မဇွန်ပိုးအိထံမှ ဖြုတ်ယူခဲ့သည့် ရွှေနားကွင်းအား ၎င်းနေထိုင်သည့်တဲမှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ ပြည့်ဖြိုးအောင်အား ခရမ်းရဲစခန်းက (ပ)၂၃/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးကင်းစောင့်သူ ကင်းတဲပေါ်မှ ပြုတ်ကျသေဆုံး

ရန်ကုန် ဇန်နဝါရီ ၃၁

လှိုင်မြို့နယ် (၁၃)ရပ်ကွက် မဟာဆွေလမ်းနှင့် အသောကလမ်းထောင့်ရှိ မီးကင်းတဲတွင် လူတစ်ဦးမီးကင်းတဲပေါ်မှပြုတ်ကျ၍ သေဆုံးကြောင်း သတင်းအရ လှိုင်ရဲစခန်းမှ ရဲအုပ်မြအောင်နှင့်အဖွဲ့ ဇန်နဝါရီ ၃၀ ရက်က သွားရောက်စစ်ဆေးကြသည်။

သေဆုံးသူမှာ လှိုင်မြို့နယ် (၂)ရပ်ကွက် အောင်သစ္စာလမ်းနေ မီးကင်းစောင့်သူ ဦးခင်သောင်း အသက်(၇၀)ဖြစ်ပြီး ၎င်းသည် ဇန်နဝါရီ ၃၀ရက် နံနက် ၁နာရီခွဲခန့်တွင် ငါးပေခန့်အမြင့်ရှိ မီးကင်းတဲပေါ်မှအောက်သို့ပြုတ်ကျရာ ကတ္တရာလမ်းနှင့်ရိုက်မိ၍ နဖူးပေါက်ပြဲဒဏ်ရာရရှိပြီး နေရာတွင်ပင် သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသည်။ အလောင်းအား ရန်ကုန်ဆေးရုံကြီးသို့ပို့အပ်ပြီး သေမှုသေခင်းရေးဖွင့်၍ လှိုင်ရဲစခန်းကလည်း သေမှုသေခင်း အမှတ်စဉ် ၂/၂၀၀၈ဖြင့် ၃၀-၁-၂၀၀၈ရက်တွင် ရေးဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ (၃၁)

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက် ညနေ ၆နာရီခန့်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်တန်းကျေးရွာနေ ဦးချစ်ထွန်း၏သား ဦးအကျူး အသက်(၄၆)နှစ်သည် လှိုင်တန်းကျေးရွာမှ လောက်လေးကျေးရွာရှိ နာရေးသို့သွားရောက်စဉ် တောလမ်းခရီး၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ဦးအကျူး၏ ညာခြေထောက် ခြေချင်းဝတ်အထက်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်း မုန်းမြို့နယ်နေ ဦးအုန်းခိုင်၏သား ဦးကျော်မိုး အသက်(၃၄)နှစ်သည် မီးတိုင်တောအုပ်စု မရမ်းတောင်ရွာတစ်ဝိုက်၌ ဝါးခုတ်နေစဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ဦးကျော်မိုး၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ညာဘက်ခြေသလုံးတွင် မိုင်းစများထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးအကျူးနှင့် ဦးကျော်မိုးတို့အား တာဝန်ရှိသူများက ကော့ကရိတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မုန်းတိုက်နယ်ဆေးရုံတို့သို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ရှော့ပြုတ်သည့် ကုန်စိမ်းကား လမ်းလယ်ကျွန်းနှင့် ဓာတ်တိုင်ကိုဝင်တိုက်

ရန်ကုန် ဇန်နဝါရီ ၃၁

သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီးပေါ်၌ ယမန်နေ့နံနက် ၆နာရီခွဲခန့်က (၃၆)မထသယာဉ်လိုင်းမှ ဘတ်(စ်)ကားတစ်စီးသည် မြို့နယ်ကျန်းမာရေးဦးစီးမှူးရုံးရှေ့ လမ်းမကြီးအလယ် ကွန်ကရစ်အုတ်ခုံနှစ်ခုနှင့် ဓာတ်တိုင်တစ်တိုင်ကို တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးဇော်ကြီး(ဘ)ဦးမြဝင်း မောင်းနှင်သည့် မထသယာဉ်(၃၆)လိုင်း အဖြူရောင်ဘတ်(စ်)ကား (စ/၆၀၄၉)သည် ယင်းနေ့နံနက် ၆နာရီခွဲကျော်ခန့်တွင် ကုန်စိမ်းများတင်ဆောင်၍ ရန်ကုန်ဘက်မှ စံပြဈေးဘက်သို့မောင်းလာစဉ် တိုက်ရှော့ပြုတ်ပြီး သဃ်န်းကျွန်းမြို့နယ် ဘုရားလမ်းမှတ်တိုင်အကျော် မြို့နယ် ကျန်းမာရေးဦးစီးမှူးရုံးရှေ့ရှိ လမ်းမကြီးအလယ်မှ အုတ်ခုံနှစ်ခုနှင့် ဓာတ်တိုင်တစ်တိုင်ကိုတိုက်မိ၍ အလယ်အုတ်ခုံနှစ်လုံး ကျိုးပဲ့ပြီး ဓာတ်တိုင်မှာ အောက်ခြေမှပြတ်ကာ ကျိုးကြေပျက်စီးသွားသည်။ (၅၀၆)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာများသို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော် ရင်ပြင်ရှိ ဆုတောင်းပြည့် ငါးစပ်ဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်က အများပြည်သူ ဘုရားဖူးများ အလှူငွေ ကျပ် ၄၅ သိန်း အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၅၂ သိန်းကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာ ရှေးဟောင်းသမိုင်းဝင် ရွှေဘုံသာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



ကြေးမုံ The Mirror

ယနေ့ သတင်း အညွှန်း

ဖလော်ရီဒါသမ္မတလောင်းရွေးပွဲ ဟီလာရီ အနိုင်ရ အပါအဝင် နီပေါ၊ ကင်ညာ၊ အီရတ် သတင်းများ စာမျက်နှာ–၅

ဘရိတ်ပေါက်သည့် လိုင်းကား လက်ဖက်ရည်ဆိုင်ထဲဝင် အပါအဝင် မှုခင်း သတင်းများ စာမျက်နှာ–၁၀

ထူးထူးခြားခြား ဝေရက်တောင်တက် ခရီးမှတ်တမ်း စာမျက်နှာ–၁၁

ကြေးမုံ The Mirror သတင်းဆောင်းပါးအညွှန်း

"ပြည်ပဈေးကွက်သို့ ထရန်စဖော်မာများ ပိုမိုတင်ပို့နိုင်ရေးအတွက် စွမ်းရည်ပိုမိုမြင့်မားသော ပါဝါထရန်စဖော်မာများ ထုတ်လုပ်နိုင်ရန် ရွှေလင်ပန်းစက်မှုဇုန်တွင် စက်ရုံအသစ်တစ်ရုံ တိုးချဲ့တည်ဆောက်လျက်ရှိ"

ငွေးအောင်(ကြေးမုံ)၏ ***"ပြည်ပဈေးကွက် တင်ပို့လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် ထရန်စဖော်မာများ"*** (စာမျက်နှာ–၇)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုလ္လား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား